မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၂၂)

ဒါနဉ္စ ဧတံ မင်္ဂလ မုတ္တမံ

အလှူပေးရခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ဒေသဝမ်းစာဖူလုံရေး နွေစပါးနှင့် မိုးစပါးအထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုး ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်း သတ်မှတ်ဧကပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၂၉

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၇ ရက် နံနက် ၈နာရီခွဲတွင် မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ၌ကျင်းပသည့် နွေစပါးစုပေါင်း မြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ ဒေသခံတောင်သူများနှင့်အတူ တက်ရောက်အားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ နွေစပါး မြေသြဇာစုပေါင်းကြဲပက်ပွဲကို တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ဆက်လက်ထိန်းသိမ်း ဇီဝဒီဇယ်အစားထိုး ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုး

နေပြည်တော် ဇန်နဝါရီ ၂၉

မကွေးတိုင်း ဂန့်ဂေါမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့်အတူ ဇန်နဝါရီ ၂၁ ရက် နံနက် ၇နာရီတွင် ဂန့်ဂေါမြို့ ရဲမာန်ခန်းမ၌ ဂန့်ဂေါတပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၄* ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံတွင် ခုတင်(၁၀၀)ဆံ့ သံကူကွန်ကရစ် နှစ်ထပ်တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်ခန်းသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သတင်းအညွှန်း

❒ ဝေးကြလေသောအခါ.... — နိုင်ငံတကာမှခင်း စာ – ၆

❒ နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်.... — စာ – ၆

❒ အယ်ဘေးနီးယားသမ္မတနိုင်ငံ — တိုး၏ သတင်းအက်ဆေး စာ –၇

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်)

ဆည်၊ ကန်၊ ရေလှောင်တမံငယ်များ တိုးချဲ့ဖွင့်လှစ် ဆန်ဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေး အကျိုးပြု

နိုင်ငံတော်က စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင် စီမံကိန်းများနှင့် မြေအောက်ရေရရှိရေး အစီအမံများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက် တည်ဆောက်ပေးလျက်ရှိသည်။

ပဲခူးတိုင်းသည် ဆန်ပိုလျှံရေး၊ ဆီဖူလုံရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက် ပြည့်မီကျော်လွန်လျက်ရှိသည်။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း၊ တမံများကို တိုးချဲ့တည်ဆောက်ပေးခဲ့ရာ ပဲခူးရိုးမအရှေ့ခြမ်းတွင် ဆည်တမံလုပ်ငန်းပေါင်း ၄၃ခုကို အကောင်အထည်ဖော်ခဲ့ပြီး စိုက်ပျိုးဧက ခြောက်သိန်းကျော်ကို အကျိုးပြုနိုင်ပြီ ဖြစ်သည်။

ဝါးကတုတ်ရေလှောင်တမံအပြင် ဆည်အစုအဖွဲ့များဖြစ်သည့် ရွှေလောင်း၊ စလူ၊ ကိုဒူကွဲတို့ကို တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ ယခုအခါ ကိုဒူကွဲရေလှောင်တမံကို တည်ဆောက်လျက်ရှိရာ ပြီးစီးပါက စိုက်ပျိုးရေ ပိုမိုရရှိလာမည်ဖြစ်သည်။

ဝါးကတုတ်ရေကူရေလှောင်တမံသည် ရန်ကုန်မြို့ (အရှေ့ခြမ်း) မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိရေး အထောက်အကူပေးမည့် ရေလှောင်တမံဖြစ်သည်။

သနပ်ပင်နှင့် သုံးခွဒေသရှိ လယ်မြေဧက ၁၂၀၀အတွက် စိုက်ပျိုးရေပေးဝေပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေမည် ဖြစ်သည်။ ထို့ပြင် မိုးယွန်းကြီးအင်း၏ ရေသောက်ဧက ၄၃၀၀၀ ကျော် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်၍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာမည် ဖြစ်သည်။

ပဲခူးတိုင်းအတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ဝါးကတုတ်ရေကူရေလှောင်တမံကို ဇန်နဝါရီလ ၂၆ ရက်နေ့က ဖွင့်လှစ်ခဲ့ရာ နိုင်ငံတစ်ဝန်း ဖွင့်လှစ်ခဲ့သော ရေလှောင်တမံစီမံကိန်းများအနက် ၂၀၇ခု မြောက်ဖြစ်ပြီး ပဲခူးတိုင်း၏ ၄၄ ခုမြောက် ဆည်တမံလည်း ဖြစ်သည်။ ဝါးကတုတ်ရေကူရေလှောင်တမံသည် ပဲခူးတိုင်းအတွင်း မိုးစပါးဧက သိန်း၃၀ နှင့် နွေစပါးဧကသုံးသိန်း ပြည့်မီ ကျော်လွန်ရေးအတွက် အထောက်အကူပြုမည် ဖြစ်သည်။

ပဲခူးတိုင်းအတွင်း ဆည်၊ ကန်၊ ရေလှောင်တမံငယ်များ တိုးချဲ့တည်ဆောက်ပေးနိုင်သည့်အတွက် ဒေသခံ တောင်သူလယ်သမားများအနေဖြင့် သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်၍ ဝင်ငွေတိုးပွား အကျိုးများစေမည့်အပြင် ဒေသဆန် ဖူလုံပိုလျှံရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ကို ပိုမိုအကျိုးပြုလာနိုင်မည်ဖြစ်ပါကြောင်း မှတ်တမ်းပြုလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာဗောဓိစေတီ မနောရမသိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် အလှူရှင်ဦးမြင့်ဝေ-ဒေါ်လှခင် မိသားစု ငါးထပ်ကြီးတောင်ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းက အလှူငွေကျပ်တစ်သိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

အဆိုပါ မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တနန္ဒိယ ဖုန်း-၀၁-၅၄၀၀၁၉သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)မှကြီးမှူး၍ ဦးဘိုဘို ဝေမောင် သုတေသနအင်ဂျင်နီယာ(NTU) က Current Technologies and Standards of Wireless Communicationနှင့် Introduction to Mathematical modeling ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် လည်းကောင်း၊ Introduction to Artifical Intelligenceနှင့် What is IT(Information Theory)ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင်လည်းကောင်း ရန်ကုန်တိုင်း လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း၂၀၅တွင် ဆွေးနွေး ဟောပြောမည်ဖြစ်သည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်းအဆောင်-၄၊ အခန်း-၄ ဖုန်း ၆၅၂၂၇၆သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၀-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း-၁၇)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၃၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူ့ရှင်တော်ရွှေဖလား
	၂၀။	English Usage
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း-၂၇)

ဖခင် ဒုတိယ ဗိုလ်မှူးကြီး ဌေးလွင်-မိခင် ဒေါ်အေးသန်း တို့အား ရည်စူး၍ အမှတ် ၁၄ (က) ဦးထွန်းငြိမ်းလမ်း မရမ်းကုန်းမြို့နယ်နေ သားသမီး၊ မြေးများ ဖြစ်ကြသော ဒုတိယ ဗိုလ်မှူးကြီး စိုးမြ-မနု ရွှေဝါ၊ သား မောင် ပြည့် ဖြိုး နိုင်၊ ဗိုလ်မှူးဝင်းဇော်သိန်း-မနုရွှေရည် မိသားစုတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင်နှင့် သံဃာတော်၊ သီလရှင်များအတွက် တစ်နေ့တာ ဆွမ်းအလှူငွေကျပ် ၅၁၅၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

စစ်ကိုင်းဆရာတော် အရှင်ခေမိန္ဒ (ခင်မကန်) တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၉

ဒဂုံမြို့သစ် (တောင်ပိုင်း) ၅၄ရပ်ကွက် အင်ကြင်းလမ်း ခင်မကန်တိုက်၏ ဦးစီးပဓာနနာယက သာသနာပြု နယ်လှည့် ဓမ္မကထိက စစ်ကိုင်းဆရာတော် အရှင်ခေမိန္ဒ (ခင်မကန်) သည် ဇန်နဝါရီ ၃၀ ရက်တွင် ဒဂုံအရှေ့ (၈)ရပ်ကွက်၊ ၃၁ ရက်တွင် သီလဝါ၊ ဖေဖော်ဝါရီ ၁ရက်တွင် ညောင်တန်း ပုဇွန်တောင်၊ ရတနာလမ်း ဂွတ္တာလစ်၊ ၂ ရက်တွင် ရန်ကြီးအောင်လမ်း စမ်းချောင်း၊ မီးဒုံးလမ်း သုဝဏ္ဏ၊ ၃ရက်တွင် မေတ္တာညွှန့် တာမွေ၊ ၄ရက်တွင် ပဲခူးမြို့ ကမာနတ်၊ ၉ရက်တွင် လှိုင်တက္ကသိုလ် ပညာရေး ဝန်ထမ်းအိမ်ရာ၊ ၁၀ ရက်တွင် ပန်းဘဲတန်းမြို့နယ် ၃၁ လမ်း အောက်၊ ၁၁ ရက်တွင် ဝါးတရာ ရွှေပြည်သာမြို့(မလွန်ဆန်လှူ)၊ ၁၂ရက်နှင့် ၁၃ရက်တွင် မအူပင်မြို့ ၁၄ ရက်တွင် ကမာရွတ် မြကန်သာအိမ်ရာ၊ ရွှေပေါက်ကံမြို့သစ်၊ ၁၅ ရက်တွင် လှည်းတန်း ပုလဲဂေဟာလမ်း၊ ၁၆ရက်နှင့် ၁၇ရက်တွင်မုံရွာမြို့ ဆုတောင်းပြည့် မြတ်စွာဘုရားကြီး၊ ၁၉ရက်တွင် သုံးခွမြို့၊ ၂၀ ရက်တွင် မင်္ဂလာဈေး ဓမ္မာရုံ ကြေးသွန်းဘုရားကြီးရှေ့၊ ၂၁ ရက်တွင် မြောက်ဒဂုံ ၇ ရပ်ကွက်၊ ၂၂ ရက်တွင် ဒလမြို့၊ ၂၃ရက်တွင် မြောက်ဥက္ကလာပ မြို့နယ်၊ ၂၄ရက်တွင် ကျီစုရပ်ကွက် ဒေါပုံမြို့နယ်၊ ၂၅ရက်တွင် အောင်သုခ ပရိယတ္တိစာသင်တိုက် ရန်ကင်းမြို့နယ်၊ ၂၆ရက်တွင် (၄) ရပ်ကွက် ရွှေပြည်သာမြို့နယ်၊ ၂၈ရက်တွင် မုန့်လက်ဆောင်းကုန်းရပ်ကွက်၊ စမ်းချောင်း မြို့နယ်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၀၁-၇၀၇၆၅၂၊ ၀၁-၅၉၁၃၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၀၈(ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	နီးစပ်ရာပါကြသည် တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၅ - ၂း၀၅	Industrial Talk [ဦးစိုးနိုင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈း၄၅ - ၂း၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	သင်္ခတနှင့် အသင်္ခတ စိတ်နှင့်ဉာဏ်ကွဲပြားမှု နိဗ္ဗာန်စံရ တရားတော် [ဒေါက်တာချစ်ငယ် (ဒဿန) Ph.D]
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	Midweek Sports News
၁၀း၁၀ - ၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ - ၄း၁၅	လောင်းဝေဿန်မင်္ဂလာ ဓမ္မဗိမာန်တော်ကြီးနှင့်အံ့ဖွယ် ထူးခြား ရောင်ခြည်တော်များ နှင့် ရှင်စောမြတ်စေတီ
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	**ကောင်းခြင်းဝေဖြာ** ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး [ဒါရိုက်တာ-ကိုအောင်မိုး(ပဲရစ်)]
၁၀း၅၅ - ၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀ - ၅း၀၀	Diploma Guide (Diploma in TESOL အကြောင်း သိကောင်းစရာ)
၁၁း၁၅ - ၅း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၁း၃၅ - ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ - ၅း၄၀	မိခင်နို့ စနစ်တကျ တိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာ ကျွေးနည်း သိကောင်းစရာများ(ဒေါက်တာသိန်းသိန်းမြင့်)
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	Miss Earth 2007 ရွေးချယ်ပွဲ (အပိုင်း-၂)
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	၂၀၀၅ ခုနှစ် ဇာတ်ပို့ ထူးချွန်ဆုရ ချမ်းသာကြည်စိုးနှင့် တွေ့ဆုံခြင်း
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	International Video Topics (ပျောက်ဆုံးနေသော ရှေးဟောင်းမြို့တော်)**(အပိုင်း-၂)**
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	West Ham-Liverpool	ESPN(Live)

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	အုပ်စုနောက်ဆုံးပွဲစဉ်	ပြသမည့်လိုင်း
၉း၃၀	Cameroon-Sudan	Euro Sport (Live)
၉း၃၀	Egypt-Zambia	Euro Sport (Live)

အရိုးရောဂါပညာအဖွဲ့ အကြိမ်(၂၀)မြောက် ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့၏ အကြိမ်(၂၀)မြောက် ညီလာခံကို ဖေဖော်ဝါရီ၆ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၄၉ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါညီလာခံတွင် အရိုးရောဂါကု ဆရာဝန်များ၊ အထွေထွေရောဂါကု ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် အခြားစိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်ဆွေးနွေးနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၉ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ကွယ်လွန်သွားသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဟောင်း General (Retd) Haji Muhammad Soeharto အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

ရန်ငြိုးဖွဲ့သူ ရန်သူများ၏

ဤသူသည် ငါ့ကိုဆဲ၏။ ငါ့ကိုညှဉ်းပန်း၏။ ငါ့ကိုနိုင်၏။ ငါ၏ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌ အမျက်ထားလျက် ရန်ငြိုးဖွဲ့သူ ရန်သူများ၏။

(ဓမ္မပဒ ၃)

● **ရှေ့ဖုံးမှ**

ရှေးဦးစွာ ဗိုလ်ချုပ်သာအေးက တနင်္သာရီတိုင်းအတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါးနှင့် နွေစပါးတို့ကို အထွက်ကောင်းမျိုးများပြောင်းလဲ၍ တိုးချဲ့စိုက်ပျိုးသွားရေးနှင့် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ကွင်းဆင်းကြပ်မတ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရန် ဆီအုန်းဧက ငါးသိန်း စိုက်ပျိုးရန် သတ်မှတ်ထားရာ ဆီအုန်းအပြင် ရော်ဘာနှင့် ငရုတ်ကောင်းတို့ကိုလည်း သတ်မှတ်ဧကပြည့်မီအောင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒေသခံတောင်သူများအား မြေဩဇာ စနစ်တကျသုံးစွဲတတ်စေရန် ဓာတ်မြေဩဇာစနစ်တကျ အသုံးချနည်းပညာပေးပြကွက်များကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တုံးဖျောကြီးကျေးရွာ ကွင်းအမှတ်(၂၉၀)နှင့် (၂၉၁)တို့အတွင်း မြေဩဇာနှင့် ဓာတ်မြေဩဇာ (၁ အချိုး ၃)ညီစွာပေါင်းစပ်၍ နွေစပါးစိုက်ခင်းများအတွင်း မြေဩဇာကြဲပက်သရုပ်ပြသနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

မြိတ်မြို့နယ် တုံးဖျောကြီးကျေးရွာကို မြို့နယ်၏ နွေစပါးစိုက်ပျိုးရေးစံပြကျေးရွာအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဒေသခံတောင်သူ ၂၉၃ဦးတို့က ၂၀၀၇-၂၀၀၈ခုနှစ် နွေစပါးစိုက်ပျိုးရေးရာသီတွင် ရေတံခါး(ဆည်ရေသောက်)နှင့် ချောင်းပိတ်မြောင်းပိတ် ရေပေးဝေခြင်းတို့ဖြင့် နွေစပါးဧက ၇၄၃ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ၃၇၉ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တုံးဖျောကြီးကျေးရွာအနီး ရန်ကုန်-ထားဝယ်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီး၏ မြိတ်-တနင်္သာရီလမ်းအပိုင်း မိုင်တိုင်(၂၈/၂)နှင့် (၂၈/၃)အကြား၌ ကျောက်ချောလမ်းခင်းနေမှုနှင့် ကတ္တရာလောင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ အဝင် ရွှေဒူးကျေးရွာသို့ရောက်ရှိကြပြီး ရွှေဒူးမှ မြိတ်လေဆိပ်လမ်းဆုံအထိ အမှတ်(၂) မြိတ်မြို့ပတ်လမ်း ဖောက်လုပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြပြီး အရေးပေါ်လူနာကုသရေးဌာန၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ပြင်ပမျက်စိကုလူနာဌာန၊ ဓာတ်မှန်ဌာန၊ တီဗွီဓာတ်မှန်ခန်းတို့တွင် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အမျိုးသမီးလူနာဆောင်၌ ဆေးဝါးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးကြသည်။

စနစ်တကျ

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေကြသော ဆရာဝန်နှင့် သူနာပြုများအား တွေ့ဆုံ၍ ကျေးလက်ဒေသအထိ ကျန်းမာရေး အသိပညာပေးခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအဝဝကို ဆေးရုံကြီးက လွှမ်းခြုံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျေးလက်နှင့်မြို့ပြ ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်နည်းနိုင်သမျှနည်းရန် စေတနာထား ဆောင်ရွက်ပေးထားပြီးဖြစ်ရာ ရရှိပြီးသား ဆေးရုံသုံးပစ္စည်းကိရိယာများ၊ အဆောက်အအုံများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ ငွေကြေးမတတ်နိုင်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ကျန်းမာရေးကြီးကြပ်မှုကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ဆေးပဒေသာပင်မှ အပြည့်အဝဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကလေးများ ဖျားနာဆောင်၊ သားဖွားဆောင်တို့ရှိ လူနာများ ဆေးဝါးကုသခံယူနေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် မြိတ်လေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိပြီး တပ်နယ်ခန်းမ၌ မြိတ်လေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူလ ကသစ်ဝိုင် ၁၀ရက် တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၉

ပဲခူးတိုင်း ဝေါမြို့နယ် နောင်ပတ္တရာကျေးရွာ နောင်ဘိုဓမ္မရိပ်သာ ကျောင်းတိုက်တွင် ၁၀ရက် တရားစခန်းပွဲကို ဖေဖော်ဝါရီ၂ရက်(စနေနေ့)၌ စတင်ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြား

တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာဆရာတော်များဖြစ်ကြသည့် ဦးနန္ဒိယ၊ ဦးဝေပုလ္လ၊ ဦးအာစိဏ္ဏ ဆရာတော်တို့က ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများနှင့် ဆွမ်းအလှူရှင်များ ဖေဖော်ဝါရီ ၂ရက်တွင် လာရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

■ **ရှေ့ဖုံးမှ**

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံတွင် ခုတင်(၁၀၀)ဆံ့ သံကူကွန်ကရစ် နှစ်ထပ်တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်ခန်းသစ်တည်ဆောက်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ခုတင်(၁၀၀)ဆံ့ သံကူကွန်ကရစ် နှစ်ထပ်တိုးချဲ့လူနာဆောင်နှင့် ခွဲစိတ်ခန်းသစ် တည်ဆောက်ခြင်းလုပ်ငန်းမှာ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဝိုင်းဝန်းထိန်းသိမ်း

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဂန့်ဂေါခရိုင်သည် မကွေးတိုင်း၏ အားထားရသော ခရိုင်တစ်ခုဖြစ်ကြောင်း၊ စားသုံးဆီအပြင် စက်သုံးဆီပါ ဖူလုံစေရန် ဇီဝဒီဇယ်အစားထိုး ခြိစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုမှာ လျာထားချက်ပြည့်မီပြီးဖြစ်သော်လည်း ထပ်မံတိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ဒေသ အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း ပြောကြားသည်။

ဂန့်ဂေါခရိုင်တွင် မိုးစပါးစိုက်ပျိုးပြီး ၁၀၄၇၃၅ဧက၊ နွေစပါး ၇၉၃၄ဧက၊ ခြံစည်းရိုးကြက်ဆူ ၁၇၀၅၅ဧကစိုက်ပျိုးပြီး ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ပုလဲ-ဂန့်ဂေါလမ်း ဂန့်ဂေါမြို့နယ်အပိုင်း မိုင်တိုင်အမှတ် ၆၇/၀မှ ၁၂၂/၀အထိ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ မြစ်သာရေလှောင်တမံ စီမံကိန်းတည်ဆောက်ပြီးစီးပါက ဧရိယာ ဧက ၁၂၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ နှင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၇၀ နာရီသန်းပေါင်းကိုလည်း ထုတ်လုပ်ပေးနိုင်မည့် ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်းတစ်ခု ဖြစ်သည်။

တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ထီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ထီးလင်းမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်များကို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း မှာကြားသည်။

ထီးလင်းမြို့နယ်တွင် မိုးစပါး လျာထားဧက ၂၃၂၅၇ဧက၊ နွေစပါး ၁၆၀၅ ဧကနှင့် ခြံစည်းရိုးကြက်ဆူဧက ၃၇၀၀ စိုက်ပျိုးပြီးဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဆောမြို့နယ် ကျောက်ထုလေယာဉ်ကွင်းကို လည်းကောင်း၊ ထီးလင်း-ပခုက္ကူကားလမ်းဘေး(ဝဲ/ယာ)တွင် စိုက်ပျိုးထားသည့် မြေပဲ၊ မုန်ညင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစိုက်ခင်းများနှင့် နွေစပါးစိုက်ပျိုးရန် လယ်မြေများထွန်ယက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပခုက္ကူမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဝင့်ထည်ဂုဏ်ရည်

❊ ဒို့မြန်မာ အမျိုးသမီး
ဂုဏ်ကြီးလို့ ညီညာ
ဆုံစည်းစို့ ပြည်သာယာ
ကြည်သဒ္ဓါဆပွား။

❊ သီဟသွေ့သမီးနဲ့ မယ်သံပျင်လို
ဉာဏ်အလျှင် ကြီးမြတ်စိတ်ထား။

❊ မြန်မာမလေး ကျက်သရေ
တက်သစ်စ နေအလား။

❊ ကြီးသူကို ဂါရဝထားလို့
လေးစားကြပျူငှာ။

❊ အကြင်နာ မေတ္တာလျှမ်း
သစ္စာပန်း ကျင့်မြတ်သိက္ခာ။

❊ တင့်ဖြာတဲ့ လှဉမ္မာမှာ
ပဒုမ္မာရွှေကြာပန်းသို့
ဝေဆာလန်း တင့်တယ်ထုံကြည်
ဝင့်ထည်ဂုဏ်ရည်။

❊ ကုမ္မာရီတို့ မျိုးမာန်ချီ
မိုးယံဆီ ဂုဏ်မြင့်လိမ့်လေး။ ။

မေသစ္စာ

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့်အဖွဲ့ ဇန်နဝါရီ ၂၂ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်းဖြစ်သော စံချိန်မီရပ်ကွက်ရှိ ဂါလန် ၆၀၀၀၀ ရေစုကန်အား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



နိုင်ငံတကာ အာကာသစခန်းအား အာကာသအတွင်း၌ လမ်းလျှောက်ပြုပြင်နေသည့် တရုတ်အာကာသယာဉ်မှူးကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်ကိုရင်ဆိုင်ရေး မဟာမိတ်ဖွဲ့ရန် ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်တိုက်တွန်း

ကာရာကတ် ဇန်နဝါရီ ၂၉

အမေရိကန်နိုင်ငံကို ရင်ဆိုင်ရေးအတွက် လက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများ စစ်ရေးမဟာမိတ်ဖွဲ့ရန် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က တိုက်တွန်းနှိုးဆော်လိုက်သည်။

ဖန်တီးနိုင်

နီကာရာဂွာ၊ ဘိုလီးဗီးယား၊ ကျူးဘားနှင့် ကာရစ်ဘီယံဒေသမှ ဒိုမီနီကာနိုင်ငံတို့အနေဖြင့် စည်းလုံးညီညွတ်သည့် အင်အားစုတစ်ခုကို ထူထောင်ဖန်တီးနိုင်ကြောင်း ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က ထိုနိုင်ငံများမှ ခေါင်းဆောင်များနှင့် ထိပ်သီးချင်းတွေ့ဆုံအပြီးတွင် ပြောကြားလိုက်သည်။**(ယာပုံ)**

ယုံကြည်

အမေရိကန်နိုင်ငံက အစဉ်ငြင်းဆိုနေသည့်ကြားမှပင် အမေရိကန်နိုင်ငံသည် အလယ်ပိုင်းနှင့် တောင်ပိုင်းအမေရိကကို အကြီးအကျယ်ခြိမ်းခြောက်နေသည်ဟု သမ္မတချာဗက်ဇ်က အခိုင်အမာ ယုံကြည်နေသည်။

တုံ့ပြန်ရမည်

အမေရိကန်က မိမိတို့ မဟာမိတ်နိုင်ငံ တစ်ခုခုကို ခြိမ်းခြောက်လျှင် မိမိတို့အားလုံးတုံ့ပြန်ရမည်ဖြစ်ကြောင်း သမ္မတချာဗက်ဇ်က ပြောကြားသည်။

(အင်တာနက်)

အီရန်နှင့်အီဂျစ် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်မည်ဟုဆို

တီဟီရန် ဇန်နဝါရီ ၂၉

အီရန်နိုင်ငံက အီဂျစ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး အပြည့်အဝ ပြန်လည်ထူထောင်ရန် နီးစပ်နေပြီဖြစ်ကြောင်း တီဟီရန်၌ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါနှစ်နိုင်ငံသည် ၁၉၇၉ ခုနှစ်မှစ၍ သံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့ရသည်။

ထုတ်ပြန်ကြေညာ

အီရန်နှင့်အီဂျစ်တို့ သံတမန်ဆက်ဆံရေး ပြန်လည်ပြုလုပ်ရန် လွန်ခဲ့သော သီတင်းပတ်က အီဂျစ်သမ္မတ မူဘာရက်နှင့် အီရန်သမ္မတ မာမွတ် အာမက်ဒီနီဂျက်ဇ်တို့ ဖုန်းဖြင့်ဆွေးနွေးခဲ့ပြီးနောက် အထက်ပါကြေညာချက်ကို အီရန်နိုင်ငံက ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ခေါင်းဆောင်နှစ်ဦး တယ်လီဖုန်းဖြင့် ပထမဆုံးအကြိမ် ဆွေးနွေးခဲ့ကြရာတွင် ပါလက်စတိုင်းပြဿနာနှင့် အခြားသော ဒေသတွင်း ပြဿနာများ ပါဝင်သည်ဟု ဆိုသည်။

ပေးပို့ထား

အီရန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဒီက အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အလီအဘူအယ်လ်ဂါရက်ထံသို့ အထူးသဝဏ်လွှာ တစ်စောင် ပေးပို့ထားပြီဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာမော့တာလီက ပြောကြားသည်။

အသင့်ရှိ

ယင်းသဝဏ်လွှာတွင် အီရန်နိုင်ငံသည်မိမိတို့ အီဂျစ်ညီအစ်ကိုများနှင့် ဆက်ဆံရေး ထူထောင်ရန် အသင့်ရှိနေကြောင်း ဖော်ပြပါရှိသည်ဟု ဆိုသည်။

(အင်တာနက်)

သီရိလင်္ကာ၌ တိုက်ပွဲများဆက်လက်ဖြစ်ပွား တမီးလ်ကျားသူပုန် ၅၅ ဦး သေဆုံး

ကိုလံဘို ဇန်နဝါရီ ၂၉

သီရိလင်္ကာ အစိုးရတပ်များနှင့် တမီးလ်ကျားသူပုန်တို့ ဇန်နဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး သူပုန် ၅၅ဦးသေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကိုလံဘိုမြို့၌ ဇန်နဝါရီ ၂၇ရက်တွင် ပြောကြားသည်။

တိုက်ပွဲဖြစ်ပွား

အစိုးရနှင့် သူပုန်များအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ရာတွင် ဗီလာသီကုလန်ပြည်နယ် ပါလာမာဒူးနှင့် မာဒူးတောင်ပိုင်းတို့၌ သီးခြားစီ တိုက်ပွဲဖြစ်ပွားခဲ့သည်။

သေဆုံးခဲ့

ယင်းပြည်နယ်၏ ပါရာယာနာကူလန်နှင့် ကယ်လီကူလန်တို့၌ ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် ကျားသူပုန် ၂၂ဦး သေဆုံးခဲ့ရကြောင်း၊ ဝီလီယိုလာ အရှေ့မြောက်ပိုင်း၌ ဖြစ်ပွားသော တိုက်ပွဲတွင် အခြား ၁၁ ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ဒဏ်ရာရရှိ

ဂျက်ဖာကျွန်းဆွယ်မြောက်ပိုင်း၌ ဇန်နဝါရီ ၂၆ရက်ညက ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် သူပုန်သုံးဦး သေဆုံးပြီး အစိုးရတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုယိုတာမော်တော်ကားကုမ္ပဏီမှ ပြည်ပဈေးကွက်သို့ တင်ပို့မည့် ကားများကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်သံတမန် ပါကစ္စတန်၌ သေဆုံး

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၉

ပါကစ္စတန်နိုင်ငံရှိ အမေရိကန်သံတမန်တစ်ဦးသည် အစ္စလာမ္မာဘတ်မြို့ရှိ ၎င်း၏နေအိမ် အခန်းအတွင်း၌ ကိုယ့်ကိုယ်ကို သတ်သေသွားသည်ကို တွေ့ရှိရကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ သံတမန်၏ အမည်မှာ ကိရက်ရှိုင်ယန်ဖြစ်ပြီး အစ္စလာမ္မာဘတ်ရှိ အမေရိကန်သံရုံး၌ အလုပ်လုပ်နေသူဖြစ်သည်။

မစ္စတာ ရှိုင်ယန်သည် သံရုံးလုံခြုံရေး တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ၎င်းသည် အစ္စလာမ္မာဘတ်မြို့ရှိ နေအိမ်အခန်း၌ သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်တွေ့ရှိရကြောင်း အစ္စလာမ္မာဘတ်မြို့ရှိ အမေရိကန်သံရုံး၏ ကြေညာချက်တွင် ဖော်ပြသည်။

(အင်တာနက်)

ဆိုမာလီ၌ မြေမြှုပ်မိုင်း ပေါက်ကွဲ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် သုံးဦးဒဏ်ရာရ

မိုဂါဒစ်ရှူး ဇန်နဝါရီ ၂၉

ဆိုမာလီနိုင်ငံ၏ မြို့တော်မိုဂါဒစ်ရှူး၌ ဇန်နဝါရီ ၂၆ရက်က မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ရာ အာဖရိကသမဂ္ဂငြိမ်းချမ်းရေးအဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိသွားကြောင်း ယင်းတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဆိုမာလီကြားဖြတ် အစိုးရသည် အစ္စလမ္မစ် လှုပ်ရှားမှုအဖွဲ့၏ အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရသည်။ ယူဂန္ဓာနှင့်ဘူရွန်ဒီတို့မှ စစ်သားများက ဆိုမာလီနိုင်ငံ၏မြို့တော် မိုဂါဒစ်ရှူးနှင့်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ပေါက်ကွဲ

မိုဂါဒစ်ရှူးမြို့ ပင်လယ်ဆိပ်ကမ်းအနီး ထောင်ထားသော မိုင်းတစ်လုံးကို ငြိမ်းချမ်းရေးတပ်ဖွဲ့ယာဉ်တန်းများထဲမှ တစ်စီးကနင်းမိပြီး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အာဖရိကငြိမ်းချမ်းရေးတပ်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး ဘာဟုကုက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဗီယက်နမ်မှ ဆန်တန်ချိန် ခုနစ်သိန်း ပြည်ပတင်ပို့မည်

ဟနွိုင်း ဇန်နဝါရီ ၂၉

ဗီယက်နမ်နိုင်ငံက ယခုနှစ်၌ ပြည်ပသို့ ဆန်တန်ချိန် ခုနစ်သိန်းတင်ပို့ရန် ပြည်တွင်းဆန် တင်ပို့ရောင်းချသူများက စာချုပ်ချုပ်ဆိုထားနိုင်ပြီဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ဇန်နဝါရီ ၂၇ ရက်၌ ပြောကြားသည်။

မျှော်မှန်းထား

ဗီယက်နမ်ဆန်များသည် ပြည်ပဈေးကွက်၌ ဈေးကောင်းရလျက်ရှိရာ ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ အထိ မြင့်တက်လာဖွယ်ရှိသည်ဟု ဗီယက်နမ်ဆန် တင်ပို့ရောင်းချသူများက မျှော်မှန်းထားသည်။

ဗီယက်နမ်သည် ကမ္ဘာပေါ်၌ ဒုတိယအများဆုံး ပြည်ပသို့ ဆန်တင်ပို့ရောင်းချသော နိုင်ငံဖြစ်သည်။ ဗီယက်နမ်ဆန်များကို အများဆုံးတင်ပို့ရောင်းချသော နိုင်ငံများမှာ ဖိလစ်ပိုင်၊ မလေးရှား၊ ကျူးဘား၊ အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံများ ဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် ဆန်စပါးစိုက်ပျိုး ဧရိယာမှာ ဟက်တာ ၇ ဒသမ ၂ သန်းရှိပြီး ၂၀၀၇ ခုနှစ်က ဆန်ထုတ်လုပ်မှုမှာ တန်ချိန် ၃၉ ဒသမ ၉ သန်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ဗဟိုစာရင်းအင်းရုံးက ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

လွတ်လပ်စွာ ကုန်သွယ်မှုကာလအတွင်း ဗီယက်နမ်နှင့်ချီလီတို့ တိုးမြှင့်ဆောင်ရွက်

ဟန်နွိုင်း ဇန်နဝါရီ ၂၉

ဗီယက်နမ်နှင့်ချီလီနှစ်နိုင်ငံတို့သည် လွတ်လပ်စွာကုန်သွယ်မှု၊ သဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၏ အတည်ပြုပြောကြားချက်ကို ဇန်နဝါရီ ၂၅ ရက်က ဗီယက်နမ်နယူးစ်သတင်းစာ၌ ဖော်ပြသည်။

အဆိုပါသဘောတူညီမှုကို ဇန်နဝါရီ ၂၄ ရက်က ချီလီနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးနှင့် လက်ခံတွေ့ဆုံခဲ့သည်။

နယ်ပယ်ကဏ္ဍအားလုံး တိုးတက်မြင့်မားရေးအတွက် နည်းပညာ အတွေ့အကြုံများ ပူးပေါင်းဆောင်ရွက်ရေးနှင့် အထူးကဏ္ဍအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ငုယင်တန်ဇွန်းက ထပ်လောင်း ပြောကြားသည်။

ဗီယက်နမ်၌ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍအတွက် လုပ်ငန်းအေဂျင်စီများ ဖွင့်လှစ်ထားရှိရန် ညှိနှိုင်းဆွေးနွေးသည်။ ၎င်းနိုင်ငံအနေဖြင့်အရှေ့တောင်အာရှ ကုန်သွယ်မှုဈေးကွက်များ ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။

၂၀၀၇ ခုနှစ်အတွင်း ဗီယက်နမ်နှင့်ချီလီနှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ သန်း ၂၀၀ အထိ ရရှိခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တောင်ကိုရီးယား ဝန်ကြီးချုပ်သစ် ရွေးချယ်

ဆိုးလ် ဇန်နဝါရီ ၂၉

တောင်ကိုရီးယားနိုင်ငံ၌ ပထမဆုံး ဝန်ကြီးအဖွဲ့ အစည်းအဝေးကျင်းပပြီး သမ္မတက ကုလသမဂ္ဂ ထိပ်တန်းသံတမန်တစ်ဦးအား ၎င်း၏ဝန်ကြီးချုပ်အဖြစ် ရွေးချယ်လိုက်ကြောင်း အင်တာနက် သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားဝန်ကြီးချုပ်သစ် ဖြစ်လာမည့် ဟန်ဆီယန်ဆိုး။

ရွေးချယ်တင်မြှောက်ခြင်းခံရသော တောင်ကိုရီးယားသမ္မတ ဖြစ်လာမည့် လီမြန်ဘတ်က ဟန်ဆီယန်ဆိုးအား ဝန်ကြီးချုပ်ရာထူးခန့်ရန် တင်ပြထားသည်။

တာဝန်ထမ်းဆောင်

အသက် ၇၂နှစ်ရှိပြီဖြစ်သော မစ္စတာဟန်သည် ရာသီဥတုပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

မစ္စတာဟန်သည် ၂၀၀၁ခုနှစ်မှ ၂၀၀၂ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ထုတ်လွှင့်ကြေညာ

မစ္စတာလီက အထက်ပါကြေညာချက်ကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ကြေညာခဲ့ခြင်းဖြစ်သည်။

မစ္စတာဟန်သည် စီးပွားရေး ရည်မှန်းချက် တိုးတက်အောင်မြင်စေရန် အရည်အချင်းပြည့်ဝသူဖြစ်ကြောင်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စွမ်းအင်ဆိုင်ရာ သံတမန်လူငယ်များကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူဖြစ်ကြောင်း ၎င်းကသတင်းထောက်များအား ပြောကြားသည်။

တောင်ကိုရီးယား သမ္မတသစ်က ရုံးထိုင်ပြီး တစ်ရက်အကြာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ပါလီမန်က ရွေးချယ်ခန့်အပ်မည်ဟုဆိုသည်။ မစ္စတာလီသည် ဒီဇင်ဘာလတွင် အထွေထွေရွေးကောက်ပွဲ၌ မဲအသာဖြင့် အနိုင်ရရှိခဲ့သည်။ (အင်တာနက်)

မိုဆူးလ်၌ ကန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံး

မိုဆူးလ် ဇန်နဝါရီ ၂၉

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးသည် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

ပေါက်ကွဲ

အမေရိကန်နှင့်အီရတ်တပ်ဖွဲ့ဝင်များသည် အဆိုပါမြို့၌ လက်နက်ငယ်များဖြင့် ကင်းလှည့်လာစဉ် လမ်းဘေးဗုံးပေါက်ကွဲ၍ သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ထိုးစစ်ဆင်

ဇန်နဝါရီ ၂၅ ရက်က မိုဆူးလ်မြို့၌ အဓိကထိုးစစ်ဆင်တိုက်ခိုက်မှု စတင်ခဲ့ကြောင်း အီရတ်ဝန်ကြီးချုပ် နော်ရီမာလီကီက ကြေညာသည်။

အဆိုပါမြို့သည် ပြီးခဲ့သည့်နှစ်မှစ၍ အကြမ်းဖက်မှုများ မြင့်တက်လာခဲ့သည်။ (အင်တာနက်)

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးမှု လူ ၁၀၀ ပြည့်မြောက်

ဂျကာတာ ဇန်နဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ဆင်ခြေဖုံးတွင် အသက်ကိုးနှစ်အရွယ်ကလေးငယ်တစ်ဦး၊ အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံနေရရာမှ အသက်ကိုးနှစ်အရွယ်ကလေးငယ်မှာ ဇန်နဝါရီ ၂၈ ရက်၌ သေဆုံးသွားကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

သေဆုံး

ယခုသေဆုံးခဲ့သော ကလေးငယ်နှင့်ဆိုလျှင် အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ အရေအတွက်မှာ ၁၀၀ ဦး ရှိပြီးဖြစ်သည်။

ပြောကြား

အင်ဒိုနီးရှားနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသည့် လူနာနှစ်ဦးရှိနေကြောင်းလည်း ဆေးရုံအရာရှိများက ပြောကြားသည်။ (အင်တာနက်)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ပါလီမန်အဆောက်အအုံအနီး၌ အမေရိကန်နှင့် ကုန်သွယ်မှုအပေါ် မကျေနပ်၍ ဆန့်ကျင်ဆန္ဒပြနေသူများကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကင်ညာနိုင်ငံ အနောက်ပိုင်း နိုင်ဗာရှာမြို့၌ အကြမ်းဖက်မှုဖြစ်ပွားသဖြင့် ပြည်သူများဘေးလွတ်ရာသို့ ထွက်ပြေးကြသည်ကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကင်ညာနိုင်ငံရေးအကျပ်အတည်း လူ ၈၀၀နီးပါးသေဆုံးခဲ့ နိုင်ဗာရှာမြို့၌ မီးလောင်သေဆုံးသူများအား ရှာဖွေနေဆဲ

နိုင်ရိုဘီ ဇန်နဝါရီ ၂၉

ကင်ညာနိုင်ငံ ရွေးကောက်ပွဲဂယက်အဖြစ် ရိုက်ခတ်လျက်ရှိသော နိုင်ငံရေးအကျပ်အတည်းတွင် တစ်ဖက်နှင့်တစ်ဖက် အကြမ်းဖက်တိုက်ခိုက်ကြခြင်းကြောင့် တစ်နိုင်ငံလုံးတွင် လူ ၈၀၀နီးပါး သေဆုံးခဲ့ရပြီဖြစ်သည်။

နောက်ဆုံး အကြမ်းဖက်ထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပွားသည့် နိုင်ဗာရှာမြို့တွင်ကြက်ခြေနီလုပ်သားများကသေဆုံးသူ စာရင်းထုတ်နိုင်ရန် အလောင်းများ ရှာဖွေလျက်ရှိသည်။

ဆွဲထုတ်

အနည်းဆုံး ၁၉ ဦး သေဆုံးသည့် နိုင်ဗာရှာမြို့၌ မီးလောင်ပျက်စီးသွားသည့် နေအိမ် အပျက်အစီးများအောက်မှ မီးလောင်ကျွမ်းထားသည့် အလောင်းများကို ဆွဲထုတ်ရှာဖွေနေကြခြင်း ဖြစ်သည်။

စိုးရိမ်နေ

အစိုးရတပ်ဖွဲ့ဝင်များက လုံခြုံရေးပြန်လည်တာဝန်ယူထားရသော်လည်း ပြိုင်ဘက်များအကြား ပြန်လည် ထိပ်တိုက်တွေ့မည်ကို စိုးရိမ်နေကြရသည်ဟု ဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပီပီပီခေါင်းဆောင် ဆမတ်ဆန်ဒါရာဗက် ထိုင်းဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခံရ

ဗန်ကောက် ဇန်နဝါရီ ၂၉

ထိုင်းဝန်ကြီးချုပ်သစ်အဖြစ် ပီပီပီခေါင်းဆောင် ဆမတ်ဆန်ဒါရာဗက်အား ထိုင်းပါလီမန်က ရွေးချယ်လိုက်သည်။

ထိုင်းဝန်ကြီးချုပ်သစ် မစ္စတာဆမတ်

ပါလီမန်၌ မဲခွဲရွေးချယ်ရာတွင် ပြည်သူ့ အာဏာပါတီ (ပီပီပီ) ခေါင်းဆောင် မစ္စတာဆမတ်သည်ထောက်ခံမဲ ၁၆၃ မဲသာ ရရှိသောသူ၏ အနီးကပ်ဆုံးပြိုင်ဘက်အပေါ်တွင် ထောက်ခံမဲ ၃၁၀ ရယူကာ အနိုင်ယူလိုက်ခြင်းဖြစ်သည်။

ပီပီပီပါတီသည် ဒီဇင်ဘာလအတွင်းက ကျင်းပသည့် ထိုင်းရွေးကောက်ပွဲတွင် မဲအများဆုံးရရှိသည့် ပါတီဖြစ်သည်။ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန် ပီပီပီပါတီသည် အခြားသော ပါတီငယ်ငါးခုနှင့် ပူးပေါင်းလိုက်သည်။

အတည်ပြုခန့်အပ်

မစ္စတာဆမတ်အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်မှုကို ရက်အနည်းငယ်အတွင်း ထိုင်းဘုရင်မင်းမြတ်က တရားဝင် အတည်ပြုခန့်အပ်မည်ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ဝေးကြလေသောအခါ....

ဆပ်ဖိုမြို့သည် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် အရှေ့တောင်ပိုင်းရှိ မြို့ကလေးဖြစ်သည်။ လူဦးရေ တစ်သိန်းကျော်သာရှိပြီး အေးချမ်းသာယာသည်။

မဆင်မခြင် မိုက်မဲခဲ့မှု

ထိုမြို့ကလေးတွင် သောမတ်စ်ဒီလန်ဇစ်ခ်ဆိုသူနေထိုင်သည်။အသက် ၄၂နှစ် အရွယ်ရှိ သောမတ်စ်သည် ယင်းမြို့တွင် မကြာသေးမီ အချိန်အထိ ဇနီးသည် အသက် ၄၆ နှစ်အရွယ်ရှိ မြွန်အော့ခ်ဒီလန်ဇစ်ခ်၊အသက် ၁၇နှစ်အရွယ်ရှိသမီး၊ အသက်၁၂နှစ် အရွယ်သားငယ်တို့နှင့်အတူ အိမ်ကြီးရခိုင်နှင့် သာယာချမ်းမြေ့စွာ နေထိုင်ခဲ့လေသည်။ ယခုလက်ရှိ သူ၏အခြေအနေသည် ငရဲခန်းရောက်နေသူ ငရဲသားသို့ ပူလောင်ပြင်းပြစွာ ခံစားနေရသည်။ ဤသည် သူဖန်တီးခဲ့သော အခြေအနေပင်ဖြစ်သည်။ သူ၏မဆင်မခြင် မိုက်မဲခဲ့မှုကြောင့်သာ ယခုကဲ့သို့ သောကဗျာပါဒကို တနင့်တပိုးရင်ဝယ်ပိုက်ကာ ဒုက္ခကြုံနေရခြင်းဖြစ်သည်။

စိတ်အစဉ်ထင်ဟပ်

ဇနီးသည်၏ စေတနာ မေတ္တာတရားကိုဝေဒနာအမှားအဖြစ်ပြောင်းလဲအရောင်ဆိုးခဲ့မိသည်က သူ၏မဟာအမှားကြီးတစ်ရပ်ပင်ဖြစ်သည်ဟု သူခံစားနားလည်ကာ နောင်တရနေမိတော့သည်။ အတိတ်ကိုပြန်တမ်းတမိစဉ် သူနှင့်ဇနီးသည်တို့၏ လွမ်းမောတမ်းတဖွယ်ရာ၊ ကြည်နူးဆွတ်ပျံ့ဖွယ်ရာ အဖြစ်အပျက်ကလေးများက စိတ်အစဉ်တွင် ထင်ဟပ်လာတော့မည်။

လွန်ခဲ့သော ၁၈နှစ်၊ သူ ၂၄နှစ်အရွယ်တွင် သူ့ထက်အသက်လေးနှစ်ကြီးသော မြွန်အော့ခ်နှင့် သူလက်ထပ်ခဲ့ကြသည်။ တစ်နှစ်အကြာတွင် သမီးဦးမွေးဖွားပြီး ခြောက်နှစ်အကြာတွင် သားတစ်ဦး ထပ်မံယူခဲ့သည်။ သူတို့နှစ်ဦးစလုံး ဘွဲ့ရပညာတတ်များဖြစ်ကြသည်။ သောမတ်စ်က ဆောက်လုပ်ရေးပစ္စည်း ရောင်းဝယ်သောကုန်သည်တစ်ဦး ဖြစ်ပြီး ဇနီးသည်မှာ ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်တစ်ဦး

သောမတ်စ်ဒီလန်ဇစ်ခ်

ဖြစ်သည်။ အိမ်ထောင်ကျခါစတွင် သောမတ်စ်သည် ဇနီးအားအလုပ်ထွက်စေကာ အိမ်တွင်သာ အေးအေးဆေးဆေးနေစေသည်။ ဇနီး သည်သည် အိမ်ထောင်ထိန်းသိမ်းမှု နိုင်နင်းကျွမ်းကျင်ပြီး ခင်ပွန်းသည် သောမတ်စ်နှင့် သားသမီးများအပေါ်တွင် အထူးဂရုစိုက်ကာ တာဝန်ကျေပွန်ပြီး လိုလေသေးမရှိအောင် ပြုစုတတ်သည်။

သူတို့၏ အိမ်ထောင်သက်တမ်း တစ်လျှောက်တွင် ပြဿနာ ကြီးကြီးမားမား မပေါ်ပေါက်ခဲ့ပေ။သူ့ဘဝ၌ ဒုက္ခလှိုင်း ဘောင်ဘင်ခတ်ရမည်ဟု လုံးဝမထင်မှတ်ခဲ့ပေ။ အလုပ်ဖိစီးမှုကြောင့် ကျန်းမာရေးချို့တဲ့လာသူ သောမတ်စ်သည် ဆရာဝန်၏ ညွှန်ကြားချက်အရ ယခုနှစ် ဇန်နဝါရီလ ၁၆ရက်မှစတင်ကာ တစ်ပတ်ခန့် အနားယူခဲ့ရသည်။ ထိုအချိန်တွင် သူ့ဘဝ အမှောင်ကျခဲ့ရတော့သည်။

စိတ်ဆိုးဖူးခြင်းမရှိ

၂၀၀၈ခုနှစ် ဇန်နဝါရီ၂၃ ရက်သည် သူ့ဘဝတွင် ထာဝရအမှတ်တရ ဖြစ်ခဲ့ရတော့သည်။ ဇနီးသည်က ကျန်းမာရေးမကောင်းသော သူ့အား အထူးဂရုစိုက်ပြုစုခဲ့သည်။ ဆေးဝါးမြောက်မြားစွာကို သောက်နေရသော သောမတ်စ်သည် ထိုညတွင်မူ ဆေးသောက်ရန် ဇွတ်ငြင်းခဲ့သောကြောင့် သူ့အား တစ်ကြိမ်မျှ

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

အငြင်းပွား စိတ်ဆိုးဖူးခြင်းမရှိသည့် ဇနီးဖြစ်သူက ဆူလေတော့သည်။ တစ်ညလုံး ဇနီးကဆေးမသောက်သောကြောင့် ဆူပူသည်ကို သူ့အား ငြိုငြင်သည်ဟု ထင်မိတော့သည်။ ကျန်းမာရေးကြောင့် စိတ်တိုနေသော သောမတ်စ်သည် နားပူနားဆာ ပြောနေသော ဇနီးသည်ကို တိတ်တိတ်နေရန်ပြောရာ မရသဖြင့် တောခုတ်ဓားဖြင့် ချိန်ရွယ်ရာမှ အရှိန်လွန်ပြီး ဦးခေါင်းကိုပြင်းထန်စွာ ခုတ်မိသွားတော့သည်။ ဇနီးသည်မှာ သူ၏ ဓားချက်တစ်ချက်တည်းဖြင့် အိပ်ရာပေါ်တွင် လဲကျငြိမ်သက်သွားတော့သည်။

ယူကျုံးမရဖြစ်ခဲ့ရ

သောမတ်စ်သည် မကြုံဖူးသော ဖြစ်ရပ်ကြောင့် ကြောက်လန့်ကာ ကားဖြင့် မောင်းပြေးသော်လည်း အမြင်မှန်ရပြီး အဖမ်းခံရန်ပြန်လာစဉ် လမ်းတွင်ပင် ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ သူ့အနေဖြင့် ဒေါသစိတ်ကို ချွန်းမအုပ်ခဲ့မိသောကြောင့် ဇနီးသည်ကို လက်လွတ်ဆုံးရှုံးရကာ ယူကျုံးမရဖြစ်ခဲ့ရသည်။ လူမမယ်သားသမီးနှစ်ဦးအတွက်လည်း ရတက်မအေးဖြစ်ခဲ့ရသည်။ သူ့ဇနီးသည်၏တန်ဖိုးကို ဝေးသောအခါမှ နှမြောတသ တမ်းတမိတော့သည်။

သေကွဲခွဲခဲ့ရ

ဤဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် စေတနာကို ဝေဒနာထင်ကာ တဒင်္ဂဒေါသကို မထိန်းချုပ်နိုင်ခဲ့သူ သောမတ်စ်သည် သူ့အပေါ်တွင် ဇနီးကောင်းပီသပြီး တာဝန်ကျေပွန်သော မြွန်အော့ခ်ကို ဆုံးရှုံးခဲ့ရကာ သေကွဲခွဲခဲ့ရသည့်အပြင် သားသမီး နှစ်ဦးနှင့်လည်း နှစ်ပေါင်းမည်မျှ ကြာအောင်ရှင်ကွဲ ခွဲရမည်ကို မသိနိုင်သည်ကား ဇနီး မောင်နှံတိုင်း သင်ခန်းစာယူသင့်ပါကြောင်း။ ။

ဇနီးသည်၏ စေတနာ မေတ္တာတရားကို ဝေဒနာအမှားအဖြစ် ပြောင်းလဲအရောင်ဆိုးခဲ့မိသည်က သူ၏မဟာအမှားကြီး တစ်ရပ်ပင်ဖြစ်သည်ဟု သူခံစားနားလည်ကာ နောင်တရနေမိ။

မုန်တိုင်းတိုက်ခတ်

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ဇန်နဝါရီ ၂၈ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် မော်တော်ယာဉ်များနှင့် နေအိမ်အချို့ ပျက်စီးခဲ့ရသည့်အနက် မုန်တိုင်းဒဏ် ခံခဲ့ရသည့် မော်တော်ယာဉ် တစ်စီး၏မြင်ကွင်း။

(အင်တာနက်ဓာတ်ပုံ)

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

ဂါဇာ ကမ်းမြောင်ဒေသ တောင်ပိုင်းမှ ဇန်နဝါရီ ၂၈ရက်က စားနပ်ရိက္ခာ ရရှိရေးအတွက် အီဂျစ် နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက် လာ သည့် ပါလက်စတိုင်းပြည်သူများကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်....

အမ်အမ်အေ

ယနေ့ကဲ့သို့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကာလတွင် ကမ္ဘာတစ်ခွင်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည်ဖြင့် နယ်ပယ်စုံ၊ ဖြစ်ရပ်စုံတို့သည် မိမိတို့နှင့်တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ဆက်နွှယ်နေတတ်သည်။ ထို့ကြောင့်လည်း နိုင်ငံခြားသတင်းများကို သိရှိနားလည်ဖို့ လိုအပ်သည်။

အင်္ဂလိပ်စာဝါသနာပါ လိုက်စားသူများ သတင်းစာကို ပေါ့ပေါ့ပါးပါး ဖတ်ရှုရင်း နိုင်ငံခြားသတင်း ဘာသာပြန်ဆိုပုံ အယူအဆများကို လေ့လာနိုင်ရန် ဖော်ပြသွားပါမည်။

ယနေ့အဖို့ လူအများ စိတ်ဝင်တစားရှိကြသည့် ရွှေသတင်းတစ်ပုဒ်ဖြင့် စတင်ပါမည်။ သတင်းခေါင်းစဉ်နှင့် ပထမစာပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

Dubai's gold trade rises 29% in 2007

ABU DHABI, 28 Jan

The total volume of gold trade in Dubai stood at 19.03 billion US dollars in 2007, rising 29 per cent over 14.75 billion dollars in the previous year, local newspaper Gulf News reported on Sunday.

ခေါင်းစဉ်၏ဆိုလိုရင်းမှာ **ဒူဘိုင်းနိုင်ငံ၏ ရွှေအရောင်းအဝယ် ၂၀၀၇ခုနှစ်တွင် ၂၉ ရာခိုင်နှုန်း တိုးတက်** ဖြစ်ပါသည်။

ဒူဘိုင်းနိုင်ငံ၊ အဘူဒါဘီမြို့တော်မှလာသည့် ဆင်ဟွာသတင်းဖြစ်သည်။

ပထမပိုဒ်ပြန်ဆိုချက်– ၂၀၀၇ခုနှစ်အတွက် ဒူဘိုင်းနိုင်ငံ၏ ရွှေအရောင်းအဝယ်လုပ်ငန်းပမာဏသည် စုစုပေါင်း ၁၉ ဒသမ ၀၃ ဘီလီယံ အမေရိကန်ဒေါ်လာရှိသည်။ တနင်္ဂနွေနေ့ထုတ် ဂပ်(ဖ်)နယူး(စ်)သတင်းစာ၏ ဖော်ပြချက်အရ လွန်ခဲ့သည့်တစ်နှစ်က ရွှေအရောင်းအဝယ်ပမာဏမှာ ၁၄ဒသမ ၇၅ဘီလီယံဖြစ်သဖြင့် ၂၀၀၇ခုနှစ်အတွင်း အရောင်းအဝယ်ပမာဏ ၂၉ရာခိုင်နှုန်း မြင့်တက်ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

According to a statement by Dubai Multi Commodities Centre (DMCC), a total of 559 tons of gold was imported into Dubai in 2007, up 14 per cent from 489 tons in 2006. Exports from Dubai reached 287 tons in 2007, increasing 5 per cent compared to 274 tons in 2006.Gold prices averaged 696 US dollars per ounce in 2007, up 15 per cent from 604 US dollars per ounce in 2006.

ဒုတိယစာပိုဒ်ပြန်ဆိုချက်–ဒူဘိုင်းမြို့ကုန်ပစ္စည်းအမည်မျိုးစုံ ဗဟိုဌာန၏ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ၂၀၀၇ခုနှစ်အတွင်း ဒူဘိုင်းနိုင်ငံသို့ ရွှေတင်သွင်းမှုပမာဏသည် တန်ချိန်၅၅၉တန်ရှိရာ ၂၀၀၆ခုနှစ်က တင်သွင်းခဲ့သည့် ပမာဏဖြစ်သော ၄၈၉တန်နှင့် နှိုင်းယှဉ်ပါက ၁၄ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်သည်။ ၂၀၀၇ခုနှစ်အတွင်း ဒူဘိုင်းနိုင်ငံမှ ရွှေတင်ပို့မှုပမာဏသည် ၂၈၇တန် ဖြစ်သည်။ ၂၀၀၆ခုနှစ်က ၂၇၄တန်တင်ပို့ခဲ့သဖြင့် ရွှေတင်ပို့မှုသည် ၅ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ရွှေဈေးနှုန်းမှာမူ ၂၀၀၇ခုနှစ်အတွင်း တစ်အောင်စလျှင် ၆၉၆ဒေါ်လာဖြစ်သည်။ ထို့ကြောင့် ယခင်နှစ်ဈေးနှုန်း ၆၀၄ဒေါ်လာထက် ၁၅ရာခိုင်နှုန်းမြင့်တက်လာသည်။

Dubai's top trading partners for gold are India,Switzerland, Malaysia, Australia, South Africa, Italy, Britain, Turkey, the United States and Saudi Arabia.

တတိယစာပိုဒ်ပြန်ဆိုချက်–ဒူဘိုင်းနိုင်ငံနှင့် အဓိကရွှေရောင်းဝယ်ကြသည့် ကုန်သွယ်ဖက်နိုင်ငံများမှာ အိန္ဒိယ၊ ဆွစ်ဇာလန်၊ မလေးရှား၊ ဩစတြေးလျ၊ တောင်အာဖရိက၊ အီတလီ၊ ဗြိတိန်၊ တူရကီ၊ အမေရိကန်ပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျတို့ဖြစ်ကြသည်။

သုံးသပ်ချက်

သတင်းခေါင်းစဉ်တွင် ၂၀၀၇ခုနှစ်က ရွှေကိစ္စကို ပစ္စုပ္ပန်ကာလကြိယာဖြစ်သည့် rises ကို သုံးထားသည်။ အတိတ်ကာလကြိယာ rose ကို သုံးလျှင်လည်း ဤနေရာတွင်မမှားပါ။ သို့ရာတွင် သတင်းခေါင်းစဉ်များကို များသောအားဖြင့် ပစ္စုပ္ပန်ကာလကြိယာများသုံးခြင်းဖြင့် အသက်ဝင်မှုပိုရှိကာ၊ လောလောလတ်လတ် ဖြစ်ပွားလေဟန်ဖြင့် စာဖတ်သူ၏ အာရုံကို ဆွဲဆောင်ခြင်းဖြစ်သည်။

The total volume of gold trade in Dubai stood at 19.03 billion US dollars in 2007. ဝါကျတွင် ကြိယာ stood at သုံးထားပုံမျိုးကို မကြာမကြာတွေ့ရတတ်ပါသည်။ ကိန်းဂဏန်းပမာဏများနှင့် ပတ်သက်၍ သုံးနှုန်းလေ့ရှိသည်။

နိုင်ငံခြားသတင်းများတွင် မကြာခဏတွေ့ရမည့် ထိရောက်သည့် အသုံးတစ်ခုမှာ up ကိုမြင့်တက်ခြင်း၊ တိုးမြင့်လာခြင်း (rises / raises) အဓိပ္ပာယ်ဖြင့် သုံးလေ့ရှိပါသည်။ ဒုတိယပိုဒ်၏နောက်ဆုံးဝါကျကို လေ့လာနိုင်ပါသည်။

နှစ်လုံးစ၊ သုံးလုံးစတို့၏ သဘောကိုလေ့လာခြင်းဖြင့် ဘာသာပြန်ဗဟုသုတ ရှာမှီးနိုင်ကြပါစေ။ ။

[မှတ်ချက်။ ။ ဆရာအမ်အမ်အေ၏ ဆောင်းပါးကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ဖော်ပြသွားရန် စီစဉ်ထားပါသည်။]

မြန်မာ့အလင်းစာတည်းအဖွဲ့

အယ်ဘေးနီးယားသမ္မတနိုင်ငံ

သတင်းအက်ဆေး

တိုး-ရေးသားသည်

မြို့တော်

ဖွံ့ဖြိုးတိုးတက်လာသော အယ်ဘေးနီးယားနိုင်ငံ၏ မြို့တော်တီရာနား။

(အင်တာနက်ဓာတ်ပုံ)

ကျောက်ဆောင်ကျောက်ကမ်းပါး ပေါများသည့် တောင်များ၊ ရှည်လျားသည့် အေဒရီယက်တစ်ပင်လယ်ကမ်းခြေတို့ ပါဝင်သည့် ရှုခင်းနှင့်အတူ အယ်ဘေးနီးယားနိုင်ငံမှာ ကြွယ်ဝသော ဘာသာရေးများနှင့် ယဉ်ကျေးမှုများ ဆုံစည်းစုဝေးရာနေရာဖြစ်သည်။ အယ်ဘေးနီးယားပြည်သူတို့၏ မူလဇာစ်မြစ်ကို အချို့သောလျို့ဝှက်ဆန်းကြယ်မှုတို့က ပိတ်တား ကာဆီးထားသည်။ ထို့ပြင် သူတို့ဘာသာစကားမှာ တစ်မူထူးခြားနေသည်။

ကေစာရီကျင့်

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ကွန်မြူနစ်ခေါင်းဆောင်ဇင်ဗာဟောက်ဇာလက်ထက် စတာလင်ဝါဒကိုကိုင်စွဲသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ၁၉၉၀ပြည့်နှစ်နောက်ပိုင်း ဒီမိုကရေစီ အသွင်ကူးပြောင်းမှုပြုလုပ်သည်အထိ အယ်ဘေးနီးယားနိုင်ငံမှာ ပြင်ပကမ္ဘာနှင့်များစွာ မဆက်ဆံဘဲ ကေစာရီအကျင့်ကို ကျင့်ခဲ့သည်။

အယ်ဘေးနီးယားနိုင်ငံ၏ သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် ၁၉၃၉ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး မစတင်မီလေးတွင် အီတလီက အယ်ဘေးနီးယားကို ကျူးကျော်ဝင်ရောက်သည်။ အယ်ဘေးနီးယားဘုရင်ဇော့မှာ ဂရိနိုင်ငံသို့ ထွက်ပြေးရသည်။ နောက်တစ်နှစ်တွင် အီတလီသည် အယ်ဘေးနီးယားကိုဖြတ်ပြီး ဂရိနိုင်ငံကို တိုက်သည်။ ၁၉၄၁ ခုနှစ်အတွင်း ဇင်ဗာဟောက်ဇာသည် အယ်ဘေးနီးယားကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ဖြစ်လာသည်။ ၁၉၄၃ ခုနှစ်တွင် ဂျာမန်တပ်များ ကျူးကျော်ဝင်ရောက်သည်။ အီတလီတို့ လက်နက်ချပြီးနောက် ဂျာမန်တို့က အယ်ဘေးနီးယားကို သိမ်းပိုက်ခဲ့သည်။ ၁၉၄၄ခုနှစ်တွင် ကွန်မြူနစ်များ တွန်းလှန်သဖြင့် ဂျာမန်တပ်များ ရုပ်သိမ်းသွားရသည်။

မဟာမိတ်ဖွဲ့

၁၉၄၆ခုနှစ်တွင် ဇင်ဗာဟောက်ဇာက ကွန်မြူနစ်မဟုတ်သူများကို အစိုးရရာထူးများမှ ဖယ်ရှားသည်။ ၁၉၄၈ခုနှစ်တွင် အယ်ဘေးနီးယားနိုင်ငံက ယူဂိုဆလားဗီးယားနိုင်ငံနှင့် ဆက်သွယ်မှုဖြတ်တောက်လိုက်သည်။ ဆိုဗီယက်ပြည်ထောင်စုက အယ်ဘေးနီးယားသို့ စီးပွားရေးအကူအညီများ စတင်ပေးသည်။ ၁၉၅၅ခုနှစ်တွင် အယ်ဘေးနီးယားနိုင်ငံသည် ဝါဆောစာချုပ်အဖွဲ့ကို စတင်ထူထောင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ ၁၉၆၁ခုနှစ်တွင် တရုတ်ပြည်နှင့် မဟာမိတ်ဖွဲ့လိုက်သည်။

၁၉၆၈ခုနှစ်တွင် အယ်ဘေးနီးယားနိုင်ငံသည် ဝါဆောစာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ်မှ နုတ်ထွက်လိုက်သည်။ ၁၉၈၅ ခုနှစ်တွင် အယ်ဘေးနီးယားကွန်မြူနစ်ခေါင်းဆောင် ဟောက်ဇာ ကွယ်လွန်သည်။ ရာမစ်အေလီယာက ဆက်ခံသည်။ အယ်ဘေးနီးယားနိုင်ငံရေး ဇာတ်ခုံတွင် အပြောင်းအလဲအမျိုးမျိုးကြုံရသည်။

ပထမဆုံး

၁၉၉၂ခုနှစ်တွင် ကျင်းပသည့် ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ အနိုင်ရပြီး ပါတီခေါင်းဆောင် ဆာလီဘဲရီရှားမှာ အယ်ဘေးနီးယားနိုင်ငံ၌ ပြည်သူက ရွေးချယ်တင်မြှောက်သည့် ပထမဆုံးသမ္မတဖြစ်သည်။ ၂၀၀၅ခုနှစ် ဇူလိုင်လတွင်ကျင်းပသည့် အထွေထွေရွေးကောက်ပွဲ၌ သူ၏ဗဟိုလက်ယာပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီပင် အနိုင်ရသဖြင့် ယခုအကြိမ်တွင်လည်း အယ်ဘေးနီးယားနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာသည်။

အဆုံးသတ်

လက်ရှိသမ္မတမှာ ဘာမာတိုပီ ဖြစ်သည်။ ၁၉၉၂ခုနှစ်ရွေးကောက်ပွဲသည် အယ်ဘေးနီးယားနိုင်ငံ၌ ၄၇နှစ်ကြာ ကွန်မြူနစ်အုပ်စိုးမှုကို အဆုံးသတ်ပေးလိုက်ခြင်းဖြစ်သည်။ သို့သော်ထိုအချိန်မှ ငါးနှစ်တိုင်တိုင် သမ္မတနှင့် ဝန်ကြီးချုပ်ရာထူးများတွင် တစ်ယောက်ဆင်း တစ်ယောက်တက် ဖြစ်ခဲ့သည်။

ဝန်ထုပ်ဝန်ပိုး

အလုပ်လက်မဲ့ဦးရေက မြင့်မား၊ ဆင်းရဲတွင်းနက်မှုက အနှံ့အပြား အယ်ဘေးနီးယား ပြည်သူအများအပြားမှာ ပြည်ပထွက်၍ အလုပ်ရှာရသည်။ ရလာသည့်ငွေကို မစားရက်မသောက်ရက် အိမ်ပြန်ပို့ကြသဖြင့် ထိုပြန်ပို့သောငွေသည် နိုင်ငံတော်အတွက် အရေးပါသည့် ဝင်ငွေလမ်းပေါက်ဖြစ်သည်။ ၁၉၉၉ခုနှစ်က ယူဂိုဆလားဗီးယားနိုင်ငံကို နေတိုးတပ်ဖွဲ့များက ဗုံးကြဲစဉ်ကိုဆိုဗိုမှ အယ်ဘေးနီးယားလူမျိုး ၅၀၀၀၀၀နီးပါးနယ်စပ်သို့ ရောက်ရှိခိုလှုံလာကြမှုကြောင့် ပင်ကိုကမှ စီးပွားရေးမတောင့်တင်းသည့် အယ်ဘေးနီးယားနိုင်ငံအဖို့ ကြီးမားသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်ခဲ့သည်။

ခရီးမပေါက်ခဲ့

စီးပွားရေးတွင် အရေးပါသည့် အယ်ဘေးနီးယားလယ်ယာကဏ္ဍမှာ ရှေးကျသော လယ်ယာသုံးကိရိယာများနှင့် နည်းပညာတို့ကြောင့် မှန်းသလောက် ခရီးမပေါက်ခဲ့ပေ။ ယခုမူ နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို အယ်ဘေးနီးယားနိုင်ငံက လက်ခံကျင့်သုံးနေပြီ ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံကြိုးပမ်းလျက်ရှိရာ အထိုက် အလျောက် ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ဇန်နဝါရီ ၂၈ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး အရှိန်လွန်ပြီး နေအိမ်တစ်အိမ်ကို ဝင်ရောက်တိုက်မိခဲ့ရာ လူသုံးဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။ **(အောက်ပုံ)**

* **အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်းကမ်းလွန်တွင် ဇန်နဝါရီ ၂၈ရက်က အင်အားရစ်ချ်တာ စကေး ၆ ဒသမ ၁ ရှိ အင်အားပြင်း ငလျင်လှုပ်ခဲ့ရာ အရှေ့ဂျာဗားကျွန်းရှိ အဆောက်အအုံအချို့ ငလျင်ဒဏ်ကြောင့် ယိမ်းထိုးလှုပ်ခါသွားခဲ့သည်။**

* တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့၌ ဇန်နဝါရီ၂၉ ရက် နံနက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထု လေးပေခန့်အထိ ရှိခဲ့သည်။

* **တရုတ်နိုင်ငံ ကမ်းလွန်တွင် ဇန်နဝါရီ၂၈ရက်က သင်္ဘောသား ၁၇ဦး ပါရှိသော ရုရှားကုန်တင် သင်္ဘောတစ်စင်း ပျောက်ဆုံးသွားရာ တရုတ် ကယ်ဆယ်ရေးအဖွဲ့များက လိုက်လံရှာဖွေလျက်ရှိသည်။**

* ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကာဗီတီကျေးရွာ၌ ဇန်နဝါရီ၂၈ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။

* **ဂရိနိုင်ငံ အေသင်မြို့အနောက်ဘက် မိုင်၅၀ ခန့်အကွာ ကျေးရွာတစ်ရွာ အနီးတွင် ဂရိသုတေသန ပညာရှင်များက လွန်ခဲ့သော နှစ်ပေါင်း ၁၈၀၀ ခန့်က ကြေးအိုးများ တွေ့ရှိခဲ့သည်။**

* ဘရာဇီးနိုင်ငံ ဆော့ပေါလိုမြို့၌ ဇန်နဝါရီ ၂၈ ရက်က သုံးထပ်လူနေ အဆောက်အအုံတစ်ခုပြိုကျခဲ့ရာ ရှစ်ဦးသေဆုံးပြီးခြောက်ဦးဒဏ်ရာရရှိခဲ့သည်။

* **နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မြောက်ဘက် မိုင်၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဇန်နဝါရီ၂၈ရက်က မြေပြိုမှုဖြစ်ပွားရာ သုံးဦးသေဆုံးခဲ့သည်။**

ဘဝဒဿနအမြင်

◆ ***A room without books is like a body without a soul.***
စာအုပ်စာပေမရှိတဲ့အခန်းဟာ ဝိညာဉ်မရှိတဲ့ ခန္ဓာကိုယ်ပါပဲ။

စစ်စီရို (စာရေးဆရာ)

◆ ***Education is the best provision for the journey to old age.***
ပညာဆိုတာ ဘဝခရီးတစ်လျှောက်မှာ ကြီးပြင်းရှင်သန်ဖို့ အကောင်းဆုံး ရိက္ခာပါပဲ။

အရစ္စတိုတယ်လ် (အတွေးအခေါ်ပညာရှင်)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၉-၁-၂၀၀၈

ဂျပန်နျူကလီးယားစက်ရုံ အိုင်အေအီးအေစစ်ဆေး

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က ပြီးခဲ့သည့်နှစ် ဇူလိုင်လက ငလျင်ဒဏ်ခံခဲ့ရပြီးပျက်စီးခဲ့သည့် ဂျပန်န်ျူကလီးယား စက်ရုံကို စစ်ဆေးမှုများစတင်ပြုလုပ်သည်။

ဂျပန်နိုင်ငံ ကာရှီဝါဇာကီကာရီဝါ န်ျူကလီးယားစက်ရုံသည် ငလျင်ဒဏ်ကြောင့် မီးလောင်မှုဖြစ်ပွားကာ ရေဒီယိုသတ္တိကြွမှုများ ဖြစ်ပေါ်ခဲ့သည့် စက်ရုံဖြစ်သည်။

ဆီးနှင်းများကျဆင်းမှုကြောင့် တရုတ်၌ သတိပေးချက်ထုတ်ပြန်

တရုတ်နိုင်ငံ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဆီးနှင်းများ ဆိုးရွားစွာ ကျဆင်းနေမှုကြောင့် တရုတ်အစိုးရက အထူးသတိပေးချက်များ ထုတ်ပြန်လိုက်သည်။

မော်တော်ယာဉ်သွားလာမှု၊ မီးရထားနှင့် ဓာတ်အားပေးလုပ်ငန်းများ အနေဖြင့် အထူးသတိထားကြရန်၊ ပြည်သူများနေထိုင်သွားလာမှု သတိပြုကြရန် သတိပေးထားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများကျဆင်းလျက်ရှိရာ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၉ဒသမ ၉၂ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)အရာရှိများက ပြောကြားသည်။

နေနံဈေးနှုန်းသည် ကမ္ဘာ့ဈေးကွက်၌ လာမည့်ရက်အနည်းငယ်အထိ ဆက်လက်ကျဆင်းနေမည်ဖြစ်ကြောင်း အိုပက်အရာရှိများက ဆက်လက် ပြောကြားသည်။

ကနေဒါတပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်မှ ပြန်ရုပ်သိမ်းမည်

အာဖဂန်နစ္စတန်တွင်ရှိသော ကနေဒါတပ်ဖွဲ့ဝင် ၂၅၀၀ ကို လာမည့်နှစ် အစောပိုင်းကာလ၌ ပြန်ရုပ်သိမ်းမည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါက ပြောကြားသည်။

ကနေဒါတပ်ဖွဲ့ဝင် အားလုံးကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ၌ ပြန်ရုပ်သိမ်းရန် မိမိတို့ ဆွေးနွေးခဲ့ပြီး ဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်၌ တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာကြောင်း ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါက ဆက်လက် ပြောကြားသည်။

အီရန်သဘာဝဓာတ်ငွေ့ တူရကီသို့ ပြန်လည်ပေးပို့

အီရန်နိုင်ငံမှ သဘာဝဓာတ်ငွေ့များကို တူရကီနိုင်ငံသို့ ပြန်လည်တင်ပို့ပေးမည်ဖြစ်ကြောင်း အီရန်အရာရှိများက ပြောကြားလိုက်သည်။

အီရန်နိုင်ငံတွင် ရာသီဥတု ဆိုးရွားစွာ အအေးလွန်ကဲနေမှုကြောင့် ယခင်က ပြည်တွင်းဓာတ်ငွေ့ဖြည့်ဆည်းမှုကို ဦးစားပေးခဲ့ရသည့်အတွက် တူရကီသို့ ဓာတ်ငွေ့ပေးပို့မှု ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်မှ လျှပ်စစ်ဓာတ်အားများ ကမ္ဘောဒီးယား ပိုမိုဝယ်ယူမည်

ဗီယက်နမ်မှ လျှပ်စစ်ဓာတ်အားများကို ပိုမိုဝယ်ယူသွားရန် စီစဉ်နေကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်က ပြောကြားသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်အနေဖြင့် မကြာမီက ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ကမ္ဘောဒီးယားသို့ ဓာတ်အားပိုမို ဖြည့်ဆည်းပေးရန် ဆွေးနွေးခဲ့သည်။

စင်ကာပူချန်ဂီလေဆိပ် ခရီးသည်ရောက်ရှိမှု စံချိန်တင်

စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၀၇ ခုနှစ်က ခရီးသည် ၃၆ ဒသမ ၇သန်း လက်ခံနိုင်ခဲ့ကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

ထိုခရီးသည် ဦးရေမှာ ၂၀၀၆ ခုနှစ်ကထက် ၄ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်ပြီး ခရီးသည်ရောက်ရှိမှု အများဆုံးဖြစ်ကြောင်း လေဆိပ်တာဝန်ရှိ အရာရှိများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် တောင်ပိုင်း၌ လေဘေးဒုက္ခသည်များ ရာသီဥတုဒဏ်ခံစားနေရ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းဒေသများတွင် ပြီးခဲ့သည့်နှစ်က ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်နေသူများသည် ဆိုးရွားသော ဆောင်းရာသီ၏ အအေးဒဏ်ကို ခံစားနေကြရကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ပြောကြားသည်။

လုံခြုံသော ကယ်ဆယ်ရေး ရွှက်ဖျင်တဲများမပြည့်စုံမှု၊ စောင်နှင့်အဝတ်အထည်များ မလုံလောက်မှုတို့ကြောင့် ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းမှ လေဘေးဒုက္ခသည်များ၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ရကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။

✱ ကျောဖုံးမှ

ဒုတိယဝန်ကြီးများ၊ ဒုတိယ တရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် တမ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ယခုနောက်ဆုံးအခြေအနေနှင့် ကိုက်ညီသည့် မိမိတို့ကော်မတီကို အသစ်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ကော်မတီ၏ သက်တမ်းလေးနှစ်တာ ကာလအတွင်း ညှိနှိုင်းအစည်းအဝေး ခြောက်ကြိမ်ပြုလုပ်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် "အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အတင်းအကျပ် တပ်သားအဖြစ် စုဆောင်းခြင်းမပြုရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရောက်ရန်နှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေး" အတွက် ကြပ်မတ်ဆောင်ရွက်သွားရန် ဆိုသည့် ရည်ရွယ်ချက်(၃)ရပ်နှင့်အညီ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကာကွယ်တားဆီး

မိမိတို့နိုင်ငံရှိ ကလေးသူငယ်များ၏ လွတ်လပ်မှုကို ကာကွယ်တားဆီးထိန်းသိမ်းနိုင်သော ဥပဒေ နည်းဥပဒေ အမိန့်နှင့်ညွှန်ကြားချက်များရှိပြီး ဖြစ်သကဲ့သို့ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးသည့် ဥပဒေနှင့်အမိန့်များလည်း ရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက် စစ်သားစုဆောင်းရေးဆိုင်ရာ လက်ကမ်း ကြော်ငြာ၊ နံရံကပ်ကြော်ငြာများကိုလည်း ကျေးလက်ဒေသအထိ ရောက်ရှိအောင် ဖြန့်ဝေပေးလျက်ရှိပြီး မြေစိုက်ပိုစတာကြီးများကိုပါ စိုက်ထူကြော်ငြာထားပြီးဖြစ်ကြောင်း။

တွေ့ဆုံမေးမြန်း

မိမိတို့ကော်မတီအနေဖြင့် ကုလသမဂ္ဂလက်အောက်ခံ Unicef, UNDP စသည့် အဖွဲ့အစည်းများ အပါအဝင် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံခြားသံအမတ်ကြီးများနှင့် စစ်သံမှူးများအား ရန်ကုန်နှင့် မန္တလေးမြို့များတွင်ရှိသော စစ်သားစုဆောင်းရေးတပ်များနှင့် စစ်အခြေခံလေ့ကျင့်ရေးတပ်များသို့ သွားရောက်လေ့လာစေခဲ့ကြောင်း၊ အဆိုပါတပ်များတွင် စုဆောင်းရရှိထားရှိသော တပ်သားသစ်လောင်းများ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းနိုင်ရန် စုစုပေါင်း ခုနစ်ကြိမ် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ပိုမိုတိုးတက်လာ

ထို့အပြင် မိမိတို့ကော်မတီနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ Unicefတို့ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အဖြစ် ကျိုက်ဝိုင်းလူငယ်အတတ်သင် သိပ္ပံကျောင်းတွင် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ငါးကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများသို့ တပ်မတော်လေ့ကျင့်ရေး သင်တန်းကျောင်းများနှင့် စစ်သားစုဆောင်းရေးတပ်ဖွဲ့တို့မှ အရာရှိ/စစ်သည် ၇၈ဦး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ၄၉ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၆၂ဦး၊ ပညာရေးဝန်ကြီးဌာနမှ နှစ်ဦး စုစုပေါင်း ၁၉၁ ဦးတို့ တက်ရောက်စေခဲ့ကြောင်း၊ ဆက်လက်ပြီး တပ်အသီးသီးတွင် ဆင့်ပွားပညာပေးသင်တန်းများ လစဉ်ဆောင်ရွက်စေလျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် ပူးပေါင်း ကြပ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်သားသစ်အဖြစ် စုဆောင်းခြင်းမျိုး မရှိသမျှ နည်းပါးလာခဲ့ကြောင်း၊ မိမိတို့ကော်မတီ၏ ဦးစီးလမ်းညွှန်ဆောင်ရွက်မှုများကြောင့် တပ်သားသစ်များ စုဆောင်းရာတွင် ထုတ်ပြန်ထားသည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း စနစ်တကျ စုဆောင်းမှုပြုလုပ်လာသည့်အတွက် ကော်မတီ၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပြန်လည်လွှဲပြောင်းအပ်နှံ

ILO, ICRCစသည့် အဖွဲ့အစည်းများနှင့် မိဘအုပ်ထိန်းသူများ၏ စာရေးသားတင်ပြချက်အရ အသက်လိမ်လည်ဝင်ရောက်လာသူအချို့ကို စိစစ်ပြီး မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ခြင်းအပြင် ညွှန်ကြားချက်ပါ သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ဆေးစစ်ရာတွင် ဆေးမအောင်သူများအား လက်ခံခြင်းမပြုဘဲ မိဘအုပ်ထိန်းသူထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း၊ ထိုကဲ့သို့ မိဘအုပ်ထိန်းသူထံ လွှဲပြောင်းရာတွင် သက်ဆိုင်ရာလူမှုဝန်ထမ်းဦးစီးဌာနနှင့် မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် စနစ်တကျလွှဲ ပြောင်းပေးလျက်ရှိကြောင်း၊ မှတ်တမ်းမှတ်ရာများလည်း စနစ်တကျရှိကြောင်း၊ ကော်မတီစတင်ဖွဲ့စည်းသည့်၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အသက်ငယ်ရွယ်လွန်းသူ ၁၆၀၊ သတ်မှတ်ချက်နှင့် မကိုက်ညီသူ ၄၁၁၊ ဆေးမှတ်ချက်ဖြင့် ဆေးမအောင်သူ ၂၂၁ဦး စုစုပေါင်း ၇၉၂ ဦးတို့အား မိဘအုပ်ထိန်းသူများထံ ပြန်လည်စေလွှတ်အပ်နှံခဲ့ပြီးဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များအတိုင်း လိုက်နာမှုမရှိဘဲ အရွယ်မရောက်သေးသူများအား အဓမ္မစစ်မှုထမ်းအဖြစ် စုဆောင်းခဲ့မှုများ ရှိခဲ့ပါက စနစ်တကျ စိစစ်အရေးယူမှုများပြုလုပ်နေသည်ကို ကော်မတီဝင်အားလုံး အသိပင်ဖြစ်ကြောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အရေးယူဆောင်ရွက်ခဲ့ရသည့် အရာရှိ၊ စစ်သည် ၄၃ ဦးရှိခဲ့သည်ကို ကော်မတီဝင်များအား အသိပေး ပြောကြားလိုကြောင်း။

ဝါဒဖြန့်ထိုးနှက်

ကော်မတီ၏ ဆောင်ရွက်ချက်များကို Focal Point အဖြစ် တာဝန်ယူထားသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္ဂအေဂျင်စီများသို့ ပုံမှန်အသိပေးနေသကဲ့သို့ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာကိုယ်စားလှယ်မှတစ်ဆင့်လည်း သက်ဆိုင်ရာများသို့အသိပေးအကြောင်းကြားလျက်ရှိကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် ဥပဒေ၊နည်းဥပဒေ၊စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသော်လည်း ပြည်ပြေးသစ္စာဖောက် အဆိုးမြင်ဝါဒီများအနေဖြင့် မြန်မာ့တပ်မတော်၌ ကလေးစစ်သားများ ရှိနေသည်ဟု မဟုတ်မမှန်လုပ်ကြံပြီး ပြည်ပမီဒီယာများနှင့် ပူးပေါင်းကာ မိမိတို့နိုင်ငံကို ဝါဒဖြန့် ထိုးနှက်တိုက်ခိုက်မှုများပြုလုပ်နေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

ကြီးကြပ်ကွပ်ကဲ

မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ မှန်ကန်သည့် ဆောင်ရွက်ချက်များ ဆက်လက် လုပ်ဆောင်သွားကြရန်နှင့် အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား တပ်မတော်အတွင်း ဝင်ရောက်လာသည်ကို လက်မခံဘဲ ကလေးသူငယ်များ၏ အကျိုးစီးပွားအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း အောက်ခြေအဖွဲ့အစည်းများက တိတိကျကျ လိုက်နာဆောင်ရွက်ရေးကို ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားကြရန်နှင့် ကော်မတီဝင်များ၏ ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီး ထိန်းသိမ်းရေး၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ညွှန်ကြားစစ်ဆေးစီမံဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက ကော်မတီ၏ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို တက္ကသိုလ်များမဏ္ဍပ်ရုံ၌ နံနက် ၉ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက နှုတ်ခွန်းဆက်ကန်တော့စကားပြောသည်။ ထို့နောက် ကျင်းပရေးကော်မတီဥက္ကဋ္ဌဆရာကြီး ဦးအုံးမြင့်က မြတ်ဆရာကန်တော့ပွဲအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆရာကြီး ဆရာမကြီးများကိုယ်စား ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာဒေါ်ထူးထူးအောင်၊ ပါမောက္ခဆရာကြီး ဦးထွန်းကြွယ်နှင့် ပါမောက္ခ ဒေါက်တာဦးမြင့်တို့က ဩဝါဒစကားပြောကြားသည်။

လှူဒါန်း

ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းထွေးတို့ကိုယ်စား ဦးစိုင်းလုံးကျော်က အလှူငွေကျပ်သိန်း ၆၀ နှင့် တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီဖြင့် ၂၄၇ ဦးအတွက် ငွေကျပ် ၁၂၃၅၀၀၀၀ ပေးလှူရာ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းထွေးက လက်ခံယူသည်။

ဆရာကြီး ဒေါက်တာဦးမြင့်ကလည်း ဘဝတူ ဆရာ ဆရာမများ နာမကျန်းရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာတစ်ထောင်ကိုလှူဒါန်းရာ ဥက္ကဋ္ဌ ဦးအုံးမြင့်က လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားသည်။ **(မြန်မာ့အလင်း)**

တရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ထေရဝါဒ ဓမ္မသဘင်ပွဲကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီဝင်းအတွင်းတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် အရှင်ကောသလ္လ (သာသနတက္ကသီလ မဟာဓမ္မာစရိယ၊ M.A Buddhism)က ညစဉ် ၇ နာရီမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဂူဏ္ဍာပုဏ္ဏစေတီ အုတ်မြစ်တော်စီမဟာမင်္ဂလာ

ရန်ကုန် ဇန်နဝါရီ ၂၉

မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်းစုံပြကျေးရွာ ရွှေနှင်းဆီလမ်း အမရဝတီကျောင်းတိုက်အတွင်းရှိ ရေးဟောင်းသမိုင်းဝင် "ဂူဏ္ဍာပုဏ္ဏ"စေတီတော်မြတ်ကြီးအား အမရဝတီကျောင်း ပဓာန နာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရေဝတ ဦးဆောင်၍ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ပြန်လည်ပြုပြင် တည်ဆောက်မည်ဖြစ်ရာ တပို့တွဲလဆန်း ၃ ရက် (ဖေဖော်ဝါရီ ၉ ရက်) စနေနေ့ နံနက် ၉ နာရီတွင် ရတနာအုတ်မြတ်တော်စီ မဟာမင်္ဂလာ အခမ်းအနား ကျင်းပမည်ဖြစ်သည်။

ဆက်လက်၍ သဒ္ဓမ္မဇောတိကဓဇ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အလှူငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပမည်ဖြစ်ရာ အမရဝတီကျောင်း ဝိမုတ္တိသုခစံကျောင်း ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓ၊ အမရဝတီသာသနရက္ခိတအဖွဲ့ဥက္ကဋ္ဌ ဦးညိုအေး ဖုန်း-၀၁-၅၇၂၆၃၈၊ ၀၉၅-၁၉၄၇၆၅၊ ဦးမြင့်အောင် ဒုတိယဥက္ကဋ္ဌ ဖုန်း ၀၁-၆၆၀၈၁၆၊ ဦးမြတ်မျိုးသန့် အတွင်းရေးမှူး ဖုန်း-၀၁-၅၂၆၂၆၂ နှင့် ၀၉၅-၀၀၀၈၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့အလင်း မှုခင်းသတင်းများ

စက်ဘီးနှစ်စီးအား ကားဖြင့် နောက်မှတိုက်မိ

ရန်ကုန် ဇန်နဝါရီ ၂၉

ဇန်နဝါရီ ၂၂ ရက် နံနက် ၆ နာရီကျော်က ဒဂုံအရှေ့ပိုင်းမြို့နယ် (၁၂) ရပ်ကွက် မောင်းမကန် ကမ်းသာလမ်း ဘုန်းကြီးကျောင်းကွေ့ မီးပွိုင့်နှင့် တံတား ထိပ်မှတ်တိုင်ကြား မာကျူရီ မော်တော် ကားလေးဆိုင်ရှေ့၌ ဒဂုံတောင် (၇၁)ဂိတ်မှ တာမွေဂိတ်သို့ ပြေးဆွဲနေသောအငှားယာဉ် ဏ/၆၄၆၈ ခရီးသည်တင်ကားသည် စက်ဘီးနှစ်စီးအား နောက်မှဝင်တိုက်မှု ဖြစ်ပွားခဲ့သည်။

တစ်ဦးသေ

ဖြစ်စဉ်မှာ ယင်းနေ့နံနက်က ဒဂုံဆိပ်ကမ်းမြို့နယ် (၅၈)ရပ်ကွက် အမှတ် မ/၁၀၃၄ ဦးမောင်မောင်မြ လမ်းနေ မစန္ဒာအောင် (၁၅)နှစ်သည် ဖခင် ဦးအောင်သန်း (၄၆)နှစ်နှင့်အတူ စက်ဘီးဖြင့် စီးနင်းလာစဉ်နှင့် ယင်းမြို့နယ် (၆၈)ရပ်ကွက် အမှတ် ၁၇ ကွမ်းအပ်မင်းသားလမ်းနေ မသင်းမြတ်ခိုင် (အသက် ၁၁)နှစ်သည် မိခင် ဒေါ်လုလုအေး ၄၂ နှစ် (ဘ) ဦးအောင်ညွန့်နှင့်အတူ စက်ဘီးနောက်ထိုင်ခုံမှ စီးနင်းလာစဉ် ဘုန်းကြီးကျောင်းကွေ့ မီးပွိုင့်နှင့် တံတားထိပ်မှတ်တိုင်ကြား မာကျူရီ မော်တော်ကားလေးဆိုင်ရှေ့ အရောက်တွင် ဒဂုံတောင်မှ တာမွေသို့ မောင်းလာသော ဘီအမ်ဟီးနိုးအငှားယာဉ်မောင်း ဦးဝင်းဌေး(၃၁)နှစ် (ဘ) ဦးအောင်သန်း မောင်းသော ဏ/၆၄၆၈ ခရီးသည်တင်ကားသည် လမ်းချိုင့်ကို ရှောင်လိုက်စဉ် ရှေ့မှ စက်ဘီးနှစ်စီးအား တိုက်မိရာ ဦးအောင်သန်း၊ မစန္ဒာအောင်၊ ဒေါ်လုလုအေး၊ မသင်းမြတ်ခိုင်တို့ ထိခိုက်ဒဏ်ရာများရရှိ၍ သဃ်န်းကျွန်း စံပြဆေးရုံကြီးသို့ တင်ပို့ကုသရာ မစန္ဒာအောင်မှာ ယင်းနေ့နံနက်တွင် သေဆုံးသွားပြီး ကျန်သုံးဦးမှာ အတွင်းလူနာအဖြစ် ကုသမှုခံယူလျက်ရှိသည်။ ယာဉ်မောင်းအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၄(က) အရ အရေးယူထားကြောင်း သိရသည်။ **(၁၂၁)**

ဆိုင်ကယ်တိုက်မှုဖြစ်၍ လူတစ်ဦးသေဆုံး

မိတ္ထီလာ ဇန်နဝါရီ ၂၉

မတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျောက်တန်းကျေးရွာတွင် ဆိုင်ကယ်တိုက်ရာမှ လူသေဆုံးသွားသည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မလှိုင်မြို့နယ် ကျောက်တန်းကျေးရွာ ဘောလုံးကွင်းလမ်းဆားတွင် ဇန်နဝါရီ ၂ ရက် ညနေ ၅ နာရီက လိတ်ကုန်းကျေးရွာနေ အောင်ဌေးဝင်း (၂၇)နှစ်သည် ရင်ဇင်းအမျိုးအစား-၁၁၀ အနက်ရောင်ဆိုင်ကယ်စီးနင်းလာစဉ် ကျောက်တန်းကျေးရွာဘက်သို့သွားနေသူ အောင်မျိုးသက် (၃၀)အား ဝင်ရောက်တိုက်မိသဖြင့် အောင်မျိုးသက်မှာ ဦးခေါင်းပေါက်ပြဲပြီး နေရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားသည်။

အမှုကို ဒုရဲအုပ် လင်းအောင်က တရားလိုပြုလုပ်၍ မလှိုင်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ရဲစခန်းက (ပ)၆/၂၀၀၈ ပုဒ်မ ၃၀၄(က)ဖြင့် အောင်ဌေးဝင်းအား အရေးယူထားသည်။ (၀၈၆)

လူသတ်မှုကျူးလွန်သူအား နာရီပိုင်းအတွင်းဖမ်းဆီးမိ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ဇန်နဝါရီ ၂၈ ရက်က လူသတ်မှု၊ လုယက်မှုကျူးလွန်သူတရားခံတစ်ဦးအား နာရီပိုင်းအတွင်းဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ

ဖြစ်ပွားပုံမှာ သုံးခွမြို့နယ် ညောင်နီးကျေးရွာတွင် ဇန်နဝါရီ ၂၈ ရက် ညနေ ၃ နာရီခန့်က ဒေါ်အုန်းကြိုင်သည် ၎င်း၏နေအိမ်၌ ဒဏ်ရာများဖြင့် သေဆုံးနေသဖြင့် ၎င်း၏ခင်ပွန်းက သုံးခွရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း၊ သုံးခွ ရဲစခန်းက တရားခံအား စုံစမ်းဖော်ထုတ်ခဲ့ရာ သေဆုံးသူနှင့် အိမ်နီးနားချင်းဖြစ်သူ ဖိုးအေး(ခ)ဇေယျာ အသက်(၂၀) လယ်ကူလီ (ဘ) ဦးပေသီး(ခ) ဦးအုန်းဌေးအား ဇန်နဝါရီ ၂၉ ရက် နံနက် ၄ နာရီတွင် ဖမ်းဆီးရမိခဲ့သည်။

တရားခံ၏ထွက်ဆိုချက်အရ လွန်ခဲ့သော ၁၅ ရက်ခန့်က ဒေါ်အုန်းကြိုင်က ၎င်း၏ရွှေထည်ပစ္စည်းအတုများ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ၎င်းအားစွပ်စွဲခဲ့ဖူးကြောင်း၊ ဇန်နဝါရီ ၂၈ ရက်ကလည်း ဒေါ်အုန်းကြိုင်အိမ်သို့ ပစ္စည်းဝင်ရောက်ခိုးယူစဉ် ဒေါ်အုန်းကြိုင်က တွေ့သွားခဲ့ပြီး ရဲစခန်းတိုင်မည်ဟုပြောသဖြင့် နေအိမ်သို့ ပေါက်ပြားပြန်ယူပြီး ပေါက်ပြားဖြင့်လည်းကောင်း၊ သေဆုံးသူ၏ အိမ်မှ ဓားဖြင့်လည်းကောင်း ခုတ်၍ သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ရွှေထည်ပစ္စည်းများ ခိုးယူခဲ့ကြောင်း သိရှိရသည်။

တရားခံထံမှ ရွှေထည်ပစ္စည်းများ မူလလက်ရာမပျက် ပြန်လည်သိမ်းဆည်းပြီး သုံးခွရဲစခန်းက ၃၀၂/၃၉၂ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံတမန်ရေးရာဘာသာရပ်တွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့ နိုင်ငံတကာဆက်ဆံရေးမှာ ပိုပြီးတိုးတက်လာစေဖို့ရည်ရွယ်

❒ ကျောဖုံးမှ

တွေ့ဆုံမေးမြန်း

သင်တန်းဆင်းပွဲ၌ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အငြိမ်းစား သံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ တာဝန်ရှိသူများနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ခဲ့

"သံတမန်တစ်ဦးအနေနဲ့ ပြောဆို၊ နေထိုင်မှုတွေ သင်ပေးတယ်"

သင်တန်းဆရာဦးတင့်တယ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

ကြရာ မြန်မာ့အလင်းသတင်းအဖွဲ့က နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ယခု သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို မေးမြန်းရာ **"ကျွန်တော်တို့နိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲ ကျင့်သုံးတဲ့အခါ နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်ကျယ်ဝန်းလာပါတယ်။ ဒီလို နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ် ကျယ်ဝန်းလာတာကြောင့် နိုင်ငံတကာ ကူးလူးဆက်ဆံမှုတွေများလာတယ်။ ပြောင်းလဲလာတဲ့ အနေအထားအရ သံတမန်ရေးရာ ပြောဆိုဆက်ဆံမှု၊ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံအများနဲ့ ဆက်ဆံတဲ့အခါမှာ နိုင်ငံတော်ရဲ့ မူဝါဒတွေ၊ နယ်ပယ်အသီးသီးမှာ ဆောင်ရွက်ချက်တွေကို ပြည်သူတွေ သိရှိနားလည် သဘောပေါက်ကြလာစေရန်နဲ့ ပြည်ပနိုင်ငံသားတွေကို ရှင်းလင်း ပြောကြားနိုင်စေဖို့၊ သံတမန်ရေးရာ ဘာသာရပ်တွေကို ပြည်သူတွေထဲမှာ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေပြီး နိုင်ငံတကာ ဆက်ဆံရေးမှာ ပိုပြီး တိုးတက်စေဖို့အတွက် ဖြစ်ပါတယ်"** ဟု ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်က ဖြေကြားသည်။

"ကျွန်တော်က စေ့စပ်ညှိနှိုင်းရေးပညာ ဘာသာရပ်ကို သင်ပေးတာပါ"

သင်တန်းဆရာဦးဝင်းလွင်
သံအမတ်ကြီး(ငြိမ်း)

သင်တန်းသား

သင်တန်း၌ တက်ရောက်သင်ကြားပြီး သင်တန်းသားဦးရေနှင့် သင်တန်းဆက်လက်ဖွင့်မည့်အခြေအနေများကို ဆက်လက်မေးမြန်းရာ **"၂၀၀၀ပြည့်နှစ်က စတင်ဖွင့်လှစ်တဲ့အမှတ်စဉ် (၁) သင်တန်းကနေပြီး အခုအမှတ်စဉ် (၁၇)အထိ သင်တန်းသားစုစုပေါင်း ၂၅၉၈ဦး တက်ရောက်ခဲ့ပြီး ဖြစ်ပါတယ်။ တစ်နှစ်ကိုသင်တန်းနှစ်ကြိမ် ဖွင့်ပြီး သင်တန်းကာလကတော့ သုံးလ ဖြစ်ပြီး သင်တန်းပြီးဆုံးတဲ့အခါ သင်တန်းဆင်းလက်မှတ် ပေးအပ်ပါတယ်။ ဒီသင်တန်းကို ကျွန်တော်တို့ ဆက်လက်ဖွင့်လှစ်သွားမှာပါ။ ပြောင်းလဲလာတဲ့ ကမ္ဘာ့အခြေအနေအရ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေတဲ့သင်တန်းဖြစ်တာမို့ ကောင်းသည်ထက်ကောင်းအောင် ကြိုးစားဖြည့်ဆည်းပြီး ဆက်တိုက်ဖွင့်လှစ်သွားမှာပါ"** ဟု ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကျယ်ကျယ်ပြန့်ပြန့်

ယခုသင်တန်းမှာ အပြင်လောက၌ ဖွင့်လှစ်ရန်မလွယ်ကူသည့် သင်တန်းဖြစ်ရာ သံတမန်ရေးရာနှင့် ပတ်သက်သည့် အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်သည့် သင်တန်းလည်းဖြစ်သည်။

ထို့နောက်သင်တန်းဆရာတစ်ဦးဖြစ်သည့် အငြိမ်းစားသံအမတ်ကြီး ဦးဝင်းလွင်အား သင်တန်း၌ပို့ချသည့် ဘာသာရပ်ကိုမေးမြန်းရာ **"ဒီသင်တန်း**

"သံတမန် ကျင့်ဝတ်တွေ သိလာရတယ်"

ဦးရဲထွန်း
အမှတ်စဉ်(၁၇)သင်တန်းသား

စဖွင့်တဲ့ ပထမအကြိမ်ကစပြီး အခု သင်တန်းအမှတ်စဉ် (၁၇) အထိ သင်ကြားပေးခဲ့တာပါ။ သင်ကြားပေးတဲ့ဘာသာရပ်ကတော့ စေ့စပ်ညှိနှိုင်းရေးပညာ ဘာသာရပ် ဖြစ်ပါတယ်။ နိုင်ငံနဲ့ ဒေသတွေအပြင် သံတမန်အချင်းချင်းနဲ့ စီးပွားရေးကုမ္ပဏီတွေ အပြန်အလှန် ဆက်ဆံရေးတွေကအစ သင်ကြားပေးပါတယ်။ နောက်ပြီး နိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေ၊ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေ အကြောင်းကိုလဲ သင်ကြားပေးပါတယ်။ စေ့စပ်ညှိနှိုင်းတယ်ဆိုတာ သီအိုရီမရှိပါဘူး၊ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်သင်ကြားပေးပါတယ်" ဟု အငြိမ်းစား သံအမတ်ကြီး ဦးဝင်းလွင်က ရှင်းပြသည်။

တစ်ဖန် သင်တန်းဆရာတစ်ဦးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး သုတေသနနှင့်နိုင်ငံခြားဘာသာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးတင့်တယ်နှင့်ဆက်လက်တွေ့ဆုံမေးမြန်းရာ **"ဒီသင်တန်းစဖွင့်ကတည်းက သင်ကြားပေးခဲ့တာပါ။ ကျွန်တော် သင်ကြားပေးတဲ့ ဘာသာရပ်ကတော့ အပြည်ပြည်ဆိုင်ရာ လူမှုဆက်ဆံရေးဖြစ်ပါတယ်။ နိုင်ငံအချင်းချင်း ဆွေးနွေးတဲ့အခါ၊ နိုင်ငံတကာ အစည်းအဝေးတွေမှာ ပြောဆိုတဲ့အခါ ဘယ်လိုပြောဆိုရမယ်၊ စည်းကမ်း၊နည်းလမ်းတွေ ဘယ်လိုရှိတယ်၊ လုပ်ရိုးလုပ်စဉ် ဘယ်လိုရှိတယ်ဆိုတာတွေသင်ပေးပါတယ်။ ဒါ့အပြင် သံတမန်တစ်ဦးအနေနဲ့ နေထိုင်မှု၊ တွေ့ဆုံနှုတ်ဆက်မှု၊ စကားပြောဆိုမှု၊ ညစာစားပွဲတွေမှာ ဘယ်လိုပြုမူနေထိုင် စားသောက်ရမယ်ဆိုတာကို စာတွေ့ကော လက်တွေ့ပါ ပို့ချပေးပါတယ်"** ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

အကျိုးရှိ

ထို့နောက် သင်တန်းအမှတ်စဉ် (၁၇/၂၀၀၇) သင်တန်းဆင်းသူတစ်ဦးဖြစ်ပြီး လှိုင်သာယာမြို့နယ်ရှိ လုမ္ဗိနီဆေးရုံ ဒုတိယဥက္ကဋ္ဌလဲ ဖြစ်သူ ဦးရဲထွန်းနှင့် တွေ့ဆုံမေးမြန်းရာ **"ကျွန်တော်က နံနက်ပိုင်းသင်တန်းသားပါ၊ ကျွန်တော်က နိုင်ငံတော်အသင်းအဖွဲ့တွေမှာ ပါဝင်နေတာမို့ ဒီသင်တန်းကို တက်ခြင်းအားဖြင့် နိုင်ငံခြားသားတွေနဲ့ ဆက်ဆံတဲ့အခါ သံတမန်ကျင့်ဝတ်တွေ သိလာပြီး ဘယ်လိုပြောရမယ် ဖြေရမယ်ဆိုတာ သိလာရတယ်။ ဘောဂဗေဒပညာရပ်တွေလဲ လေ့လာရသလို သံတမန်တစ်ဦးရဲ့ စားသောက်နေထိုင်မှုတွေလဲ သိရတဲ့အတွက် အများကြီး အကျိုးကျေးဇူးရှိပါတယ်။ ဒီသင်တန်းဟာ အပြင်မှာ ဖွင့်လို့မရနိုင်တဲ့ သင်တန်းမျိုးဖြစ်ပြီး တကယ့်ကို အကျိုးရှိတဲ့ သင်တန်းလဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီသင်တန်းက ဆရာ ဆရာမကြီးတွေအတွက် နှစ်စဉ် ကန်တော့ပွဲအတွက် မတည်ငွေ ငါးသိန်းကိုလဲ လှူဒါန်းထားပါတယ်"** ဟု ဦးရဲထွန်းက ပြောကြားသွားသည်။

"ကျွန်မတို့ လုပ်ငန်းနဲ့လဲ ဆက်စပ်မှုရှိလို့ အကျိုးရှိပါတယ်"

မဝန်နီလှိုင်
အမှတ်(၁၇)သင်တန်းသူ

"စာအုပ်စာပေတွေ ဖတ်လို့တောင် မသိနိုင်တဲ့ ဗဟုသုတတွေ သိရတယ်"

ဒေါ်နီနီဆွေ
အမှတ်(၁၇)သင်တန်းသူ

"လူမှုဆက်ဆံရေးဝန်းကျင်မှာ ဘယ်လို ကျယ်ပြန့်အောင် လုပ်ရမယ်ဆိုတာ သိရတယ်"

မနှင်းလဲ့ကျော်
အမှတ်(၁၇)သင်တန်းသူ

နောက်ထပ်သင်တန်းသူ တစ်ဦးဖြစ်သည့် ဒေါ်နီနီဆွေကလည်း **"ဒီသင်တန်းကို တက်ခွင့်ရတဲ့အတွက် သံတမန်ရေးရာနဲ့ လူမှုဆက်ဆံရေးရာတွေမှာ ကျယ်ကျယ်ပြန့်ပြန့် သိရှိရတယ်။ ဒီလို ကျင့်ဝတ်တွေသိရတော့ လူမှုဆက်ဆံရေးနယ်ပယ် ပိုမိုကျယ်ပြန့်သွားတာပေါ့။ နောက်ပြီး ကမ္ဘာတစ်ဝန်းမှာ ကျွန်မတို့ မသိရသေးတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေသတွေနဲ့ပတ်သက်ပြီး အများကြီးသိရတယ်။ ဒါတွေဟာ စာအုပ်စာပေတွေ ဖတ်လို့တောင် မသိနိုင်တဲ့ဗဟုသုတတွေ ပါဝင်ပါတယ်။ စေ့စပ်ညှိနှိုင်းခြင်း၊ လောကဝတ် စတဲ့ ဘာသာတွေကလဲ သိရတယ်။ယဉ်ကျေးတဲ့လူတစ်ယောက်အဖြစ် ကမ္ဘာမှာ အများနဲ့ ရင်ပေါင်တန်းပြီး ဝတ်စားနေထိုင် ပြောဆိုတတ်အောင် သင်ကြားမှုတွေရလိုက်ပါတယ်"** ဟု ဖြေကြားသွားသည်။

တစ်ဖန် ညနေပိုင်းသင်တန်းသူ တစ်ဦးဖြစ်သူ မဝန်နီလှိုင်(အထက်တန်းရှေ့နေ)ကလဲ **"ဒီသင်တန်းကို နိုင်ငံတကာနဲ့ပတ်သက်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေ သိချင်တာတွေ အကုန်သိရှိခွင့်ရတယ်။ နိုင်ငံတကာဆိုင်ရာ လူမှုကျင့်ဝတ်ဘာသာရပ်တွေက စိတ်ဝင်စားဖို့လဲ ကောင်းပါတယ်။ သံတမန်ဆက်ဆံရေးနဲ့ ကျင့်ဝတ်တွေဟာ ကျွန်မတို့ လုပ်ငန်းနယ်ပယ်နဲ့လဲ ဆက်စပ်နေတာမို့ အကျိုးလဲရှိပါတယ်"** ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ရှောင်ရန်ဆောင်ရန်

ထို့နောက် နံနက်ပိုင်းသင်တန်းသူ မနှင်းလဲ့ကျော်(ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၊မဟာတန်း)နှင့် တွေ့ဆုံမေးမြန်းရာ **"ဒီသင်တန်းကိုတက်ဖြစ်တာကတော့ ကိုယ်တိုင်သံတမန်တစ်ဦးရဲ့ ရှောင်ရန် ဆောင်ရန် အချက်တွေကိုသိချင်လို့ပါ။ အခု ဆိုရင် အရင်က မသိတာတွေလဲ**

"နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးမှာ တစ်ဖက်တစ်လမ်းက အထောက်အကူပြုတဲ့ သင်တန်းဖြစ်ပါတယ်"

ဦးပေါ်လွင်စိန်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားရေးဝန်ကြီးဌာန
လေ့ကျင့်ရေးသုတေသနနှင့်
နိုင်ငံခြားဘာသာဦးစီးဌာန

သိရလို့ လူမှုဆက်ဆံရေးဝန်းကျင်မှာ ဘယ်လို ကျယ်ပြန့်အောင် လုပ်ရမယ်ဆိုတာ သိလာရပါပြီ။ အဖိုးတန်တဲ့သင်တန်းဖြစ်ပါတယ်" ဟုသင်တန်းဆင်းလက်မှတ်ကို ကြည်နူးစွာ ပွေ့ပိုက် ဖြေကြားသွားသည်။

ထို့ကြောင့် သံတမန်ဆက်ဆံရေးကို သိကျွမ်းလိုသူများ၊ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် စီးပွားရေးများ၊ သံတမန်စာရေးသားနည်း၊ နိုင်ငံအချင်းချင်းဆွေးနွေးညှိနှိုင်းမှု၊သံတမန်ကျင့်ဝတ်နှင့် ဓလေ့ထုံးစံများစသည့် စိတ်ဝင်စားဖွယ်အကြောင်းအရာများကို သင်ကြားပေးနေသော အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းသည် လူငယ်လူရွယ်တိုင်း တက်ရောက်လေ့လာသင့်သည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဦးမင်းသိန်း တစ်နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ၁၆ ရပ်ကွက် စွန်းလွန်းဂူကျောင်းလမ်း ခြံအမှတ် ၁၂ နေ ဇနီး ဒေါ်ရင်သိန်း၊ သမီးဒေါ်ခင်ဖူးမြင့်၊ မြေး မောင်ထက်နိုင်ကျော်၊ မခင်စုပြည့်ကျော်တို့မှ အလှူတော်ငွေကျပ် တစ်သိန်း တစ်သောင်း တစ်ထောင်ကို ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးချစ်မြိုင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပေးအပ်ချီးမြှင့်

ဇန်နဝါရီ ၂၇ရက်က ရန်ကုန်မြို့ ၄၅ လမ်းရှိ ဟသ်ာတအသင်းတိုက်၌ကျင်းပသည့် ၂၀၀၈ ခုနှစ် ဟသ်ာတအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးတွင် အသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းညွှန့်က လူမှုထူးချွန် တတိယဆင့်ရရှိသော ဟသ်ာတအသင်းမှ ရာသက်ပန်အသင်းသား မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ဖားသားလဖုန်းကျောင်းသားများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

မန္တလေးမြို့ အထက(၁၄) (ယခင် ဖားသားလဖုန်းကျောင်း) ကျောင်းသားများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၄ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် မန္တလေးမြို့ လမ်း ၃၀၊ ၈၂ x ၈၃ လမ်းကြား ဖူကျောင်ကွမ်ရင် ဗုဒ္ဓဘာသာဘုရားကျောင်းခန်းမ၌ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် ၁၉၆၄ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ကန်တော့ခံဆရာ၊ ဆရာမကြီးများ လှူဒါန်းလိုသော ကျောင်းသားများသည် မန္တလေးမြို့ ဦးနေဝင်း ဖုန်း-၀၉-၂၀-၀၂၉၇၇၊ ၀၂-၃၉၃၉၆၊ ဦးဝင်းမြင့် ဖုန်း-၀၉-၂၀-၀၅၂၉၅၊ ၀၂-၆၆၀၁၁၊ ဦးခင်မောင်သန်း ဖုန်း-၀၂-၆၀၉၈၅၊ ဦးဇော်ဝင်း ဖုန်း-၀၉-၆၉-၇၁၉၃၁နှင့် ရန်ကုန်မြို့ လူထုဦးစိန်ဝင်း ဖုန်း-၀၁-၃၇၅၁၇၇၊ ဦးခင်မောင်ဝင်း ဖုန်း-၀၁-၂၂၃၅၉၉၊ ၂၂၄၇၂၈၊ ဦးသက်ညွှန့် ဖုန်း-၀၉-၂၀-၀၁၂၁၈နှင့် ဦးချွန်စန်း ဖုန်း-၀၁-၃၈၆၈၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ကံမြင့်ကျောင်းတိုက် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် (ဖြူးဆရာတော် ဦးနရပတိ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတသည် ဖေဖော်ဝါရီ ၁ရက်မှ ၂ရက်အထိ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)

၃၀-၁-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၀	၆။	အဆိုပြိုင်ပွဲ
၈း၁၀	၇။	ဗိုလ်မြတ်ထွန်းတံတား
၈း၂၀	၈။	အတီးပြိုင်ပွဲ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု) [ဥပဒေပညာ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀	၅။	မြန်မာစာ မြန်မာစကား
၁၇း၁၅	၆။	သီချင်းကြီးပဒေသာ
၁၇း၂၅	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၃၅	၈။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၁၈း၅၀	၁၂။	**ကောင်းခြင်းဝေဖြာ** ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၉း၁၀	၁၃။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၁၉း၃၅	၁၄။	ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
၁၉း၄၅	၁၅။	မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	Franz Hararay's Magic Planet
	၂၀။	မြန်မာဗီဒီယိုဇာတ်လမ်း **မြားနတ်မောင် ထိချက်ပြင်းတယ်** လွင်မိုး၊ စိုးမြတ်နန္ဒာ၊ ပပဝင်းခင် (ဒါရိုက်တာ-ကျော်ဇောလင်း)
	၂၁။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး ပူဇော်ပူဇနီယပွဲတော်

ကျော့မှုံး သောင်းရှေ

သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက် စေတီတော်မြတ်ကြီးသည် သာသနာသက္ကရာဇ် ၂၄၁ ခုနှစ်တွင် သထုံမင်း စူဠသိရိမာသောက မင်းကြီးက ဂေါတမရှင်တော်မြတ်ဘုရား၏ ဆံတော်ခြောက်ဆူ ဌာပနာ၍ ခေါလကရသေ့ကြီး သီတင်းသုံးနေထိုင်ရာ ဥတ္တရဂ်ကုန်း(ခေါ်) လှိုင်းပုတ်ကုန်းပေါ်တွင် တိုက်စေတီအဖြစ် တည်ထားကိုးကွယ်ခဲ့သည်။ ခေါလက ရသေ့ကြီးအကြောင်းပြု၍ မူလတည်ခါစက ခေါလကစေတီဟူ၍ လည်းကောင်း၊ နောက်လူတို့သည် ခေါက် စေတီဟူ၍ လည်းကောင်း၊ ဟံသာဝတီ တိုင်းသားတို့က ကျာခိုက်စေတီဟု လည်းကောင်း ခေါ်ခဲ့ကြရာမှ **"ကျိုက်ခေါက်"** စေတီဟု ခေါ်တွင်ခဲ့သည်။

စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်သော ကုန်းတော်မှာ မတ်စောက်သည့်အတွက် ငလျင်ဒဏ်ကို အကြိမ်ကြိမ် ခံစားခဲ့ရပေသည်။

သက္ကရာဇ် ၉၂၆ ခုနှစ်တွင် ကြီးစွာသော ငလျင်ဒဏ်ကြောင့် ဘုရင်မကြီးရှင်စောပု တည်ထားကိုးကွယ်သော စေတီတော်မြတ်ကြီးသည် ပန်းတင်ခုံပါမကျန် ပြိုကွဲပျက်စီးခဲ့လေသည်။ ထိုအချိန်တွင် သန်လျင်မြို့စား ဘယဂါမဏိသည် စစ်ချီနေခိုက်ဖြစ်သဖြင့် ဝန်ကတော်ရှင်ငြိမ်းသည် တိုက်တော်မှ ထုတ်ပေးသောငွေဖြင့် သီဟိုဠ်မှရသော ဂေါတမ ရှင်တော်မြတ်ဘုရား၏ နဖူးသင်းကျစ်ရိုးတော်နှင့် ဓာတ်တော်မွေတော်များကို ထပ်မံဖြည့်တင်းဌာပနာကာ တိုက်စေတီတော်ကို ပြန်လည်တည်ထားကိုးကွယ်ခဲ့ကြောင်း သိရပါသည်။

သို့ပါ၍ သန်လျင်မြို့ သမိုင်းဝင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးသည် ဂေါတမဘုရားရှင်၏ ဆံတော်ခြောက်ဆူ၊ နဖူးသင်းကျစ်ရိုးတော်နှင့် ဓာတ်တော်မွေတော်များ ကိန်းဝပ်စံပျော်တော်မူသော ရှေးဟောင်း သမိုင်းဝင် စေတီတော်မြတ်ကြီးတစ်ဆူ ဖြစ်ပေသည်။

စေတီတော်မြတ်ကြီးမှာ သာသနာသက္ကရာဇ် ၂၄၁ ခုနှစ်တွင် စတင်တည်ထားကိုးကွယ်ခဲ့သည်ဖြစ်၍ နှစ်ပေါင်းနှစ်ထောင်ကျော် ကြာမြင့်ခဲ့ပြီး ငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံစားခဲ့ရ၍ ပြုပြင်ခွင့်ကုသိုလ်ထူး ရရှိခဲ့ ကြသော မင်းနှင့်ပြည်သူတို့၏ ပြုပြင်မွမ်းမံခဲ့မှုကြောင့်သာ ဉာဏ်တော် ၁၂၃ တောင်မြင့်သော ဆံတော်ရှင် စေတီတော်မြတ်ကြီးကို ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်သပ္ပာယ်စွာ ယနေ့တိုင် ကြည်ညိုသဒ္ဓါပွားနိုင်ကြခြင်း ဖြစ်ပေသည်။

လက်ရှိ ဘုံကိုးဆင့်ရှိသော ထီးတော်အလှူရှင်မှာ ရန်ကုန်မြို့ လမ်း ၅၀ နေ မြေပိုင်ရှင်သူဌေး ဦးဘရှင်နှင့် သူဌေးကတော် ဒေါ်ခင်ညွန့်မိသားစု ဖြစ်ပါသည်။

ဂေါပကအဖွဲ့ ဆောက်လုပ်ရေးကော်မတီသည် စေတီတော်မြတ်ကြီး၏ကုန်းတော်မှာ မြင့်မားမတ်စောက် သည့်အတွက် မြေပြိုမှုဒဏ်မှ ကင်းဝေးစေရန် မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ ဟောင်းနွမ်းပျက်စီးနေပြီ ဖြစ်သော သာသနိကအဆောက်အအုံများအား အလှူရှင်များဖိတ်ခေါ်၍ အသစ်တစ်ဖန် တည်ဆောက်ခြင်း၊ မော်တော်ယာဉ်ရပ်နားကွင်း တည်ဆောက်ခြင်း၊ ယာဉ်သွားလာမှုလွယ်ကူစေရန် တောင်ဘက်လမ်း ဖောက်လုပ်ခြင်း၊ စေတီတော်မြတ်ကြီး၏ တောင်ဘက်ဝတ္တကမြေအတွင်း ဘုရားဈေးတည်ဆောက်ခြင်း စသည့် ဘက်စုံပြုပြင်တည်ဆောက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပေသည်။

စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်မှာ မြင့်မားမတ်စောက်သည့်အတွက် ဘုရားဖူး သက်ကြီးရွယ်အို ရဟန်း သံဃာတော်များ တက်ရောက်ဖူးမြော်ကြည်ညိုရာတွင် ပင်ပန်းနွမ်းနယ်မှုမရှိဘဲ သက်သောင့်သက်သာစွာ တက်ရောက်ဖူးမြော်နိုင်ရန် နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အများပြည်သူ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် သိန်း ၂၀၀ ကျော်၊ အမေရိကန်ဒေါ်လာ ၁၅၀၀၀ အကုန်အကျခံ၍ အရှေ့ဘက်မုခ်ဦးအနီး၌ ၁၉၉၆ခုနှစ်တွင် ဓာတ်လှေကားကြီးကို ဆောက်လုပ်ဖွင့်လှစ်ခဲ့ပါသည်။

ယခုအခါ ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်စိုး(ငြိမ်း)ဦးဆောင်သော ဂေါပကအဖွဲ့ဝင်များသည် သက်ဆိုင်ရာ ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒများခံယူပြီး သက်ဆိုင်ရာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုကိုခံယူ၍ တာဝန်အသီးသီးခွဲဝေယူကာ ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ရင်ပြင်ပေါ်ရှိ သာသနိကအဆောက်အအုံများမှာ သစ်လွင်ထည်ဝါနေသည့်အပြင် တပို့တွဲလ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီး ပြီးတိုင်းပြီးတိုင်း ရွှေချငြမ်းများဆင်မြန်း၍ နှစ်စဉ် မျက်ပါးရွှေဆိုင်းသင်္ကန်းများနှင့် ကိုးလက်မ ပတ်လည် ကြေးပြားရွှေသင်္ကန်းများ ကပ်လှူပူဇော်ခဲ့သည့်အတွက် ယခုအခါ စေတီတော်မြတ်ကြီးမှာ ရွှေရောင်တဝင်းဝင်းဖြင့် အထူးတင့်တယ်သပ္ပာယ်စွာ ဖူးမြော်ကြည်ညိုနိုင်ကြပါသည်။

ပွဲတော်လာ ရဟန်းရှင်လူတို့ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာသဘင်များကို ပါဝင်ပူဇော်နိုင်မည် ဖြစ်သကဲ့သို့ တစ်ဦးချင်းအနေဖြင့် တရားဘာဝနာများ ပွားများနိုင်ကြရန် နေရာထိုင်ခင်းများကိုလည်း စီစဉ်ထားရှိသည်။ စေတီတော်မြတ်ကြီးအားရည်စူး၍ လှူဒါန်းမှုအစုစုတို့ကို စိတ်ချမ်းမြေ့စွာ လှူဒါန်းနိုင်ကြစေရန် ရင်ပြင်ပေါ်တွင် အလှူခံမဏ္ဍပ်များကို ဖွင့်လှစ်ထားရှိသည်။

စေတီတော်မြတ်ကြီး၏ခြေတော်ရင်း အောက်ပွဲတော်ခင်းတွင် စားသောက်ဆိုင်တန်း၊ အထည်တန်း၊ လူသုံးကုန်ပစ္စည်းဆိုင်တန်း၊ သနပ်ခါးတန်း စသည်ဖြင့် ဆိုင်ခန်းပေါင်း ၁၅၇၀ ကျော်ကို ရောင်းကုန်အမျိုးအစား အလိုက် ခွဲခြမ်းသတ်မှတ်ကာ စနစ်တကျ နေရာချထားသည့်အတွက် ပွဲတော်လာ ပြည်သူတို့ စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ကြပေသည်။ အထူးသဖြင့် ကျေးလက်နေ တောင်သူတို့သည် မိမိတို့ တစ်နှစ်တာလိုအပ်မည့် လူသုံးကုန်၊ လုပ်ငန်းသုံးကုန်ပစ္စည်းများကို အဆင်ပြေပြေ ဝယ်ယူစုဆောင်းနိုင်ကြပေသည်။

ယခု ၁၃၆၉ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တပို့တွဲလဆန်း ၈ ရက်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိ (၁၄-၂-၂၀၀၈ ရက်နေ့မှ ၂၂-၂-၂၀၀၈ရက်နေ့အထိ) ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ၊ နာရီ ၈၀ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ဆီမီးပူဇော်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် နာမည်ကြီးဇာတ်ပွဲကြီးများ အပြိုင်အဆိုင် ကပြဖျော်ဖြေဆင်နွှဲကြမည့်အပြင် အနောက်ဘက်စောင်းတန်း အနီးတွင် မြန်မာ့ခြင်းအလှခတ်ပွဲ၊ ရုပ်ရှင်၊ တုတ်ထိုး၊ မျက်လှည့်များ၊ ကြည့်ချင်ပွဲများနှင့် ဗလာပွဲအဖြစ် မြန်မာ့ရုပ်သေးကိုပါ ယခင်နှစ်များက ကဲ့သို့ ထည့်သွင်း ကပြဖျော်ဖြေတင်ဆက်သွားရန် စီစဉ်ထားကြောင်းသိရသည်။

လုံခြုံအေးချမ်းမှုရှိ၍ စည်းစနစ်ကျနသော ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်မှာ ကြက်ပျံမကျ အထူးစည်ကားသော ပွဲတော်ကြီးတစ်ခုဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါ သည်။ ။

ရေနံချောင်းမြို့ အမှတ်(၁) အထကတွင် ဆရာတော် အရှင်ဆန္ဒာဓိက မတည်လှူဒါန်းဆောက်လုပ်သော ရွှေပါရမီကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အမှတ် ၉၇ သံသုမာလမ်း ၃ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်မှ ကိုတင်ထွန်း-မအေးအေးခိုင်၊ သမီး မငြိမ်းမြတ်ချယ်၊ မယုယလွင် (အောင် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုတို့က လှူဒါန်းငွေကျပ် တစ်သိန်းကို ကျောင်းဆောင် ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ကပ္ပတိန် ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသား အားလုံး စောင့်ထိန်းကာကွယ်ရေး။

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန် ထွန်းကားရေး။

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီ လက်ညီ ကာကွယ်ထိန်းသိမ်းရေး။

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီး သည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့် မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသား အားလုံး ကြိုးပမ်းဆောင်ရွက်ရေး။

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်း ကြိုးပမ်းရေး။

ဗဟန်းမြို့နယ် အမက(၁၃) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်း အဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပရာ ဒုတိယတန်းမှ စတုတ္ထ တန်းအထိ သုံးနှစ်ဆက်တိုက် ပထမ ဆုရ မမေလဲ့ဦးအား ကျောင်းအုပ် ဆရာကြီး ဦးဝေနိုင်မြင့်က ဆုချီးမြှင့် စဉ်။ (က-ပ)

ဘိုးဘွားရိပ်သာသို့လှူဒါန်း

ဗိုလ်မှူးမြင့်လွင်(ငြိမ်း)အား ရည်စူး၍ ဒေါ်တင်မြမိသားစု အမှတ် ၅(က) မင်္ဂလာလမ်း နံ့သာကုန်း ရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန် တိုင်းက နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သုံးထပ်ဘိုးဘွားဆောင် အဆောက် အအုံသစ်အတွက် အလှူငွေကျပ် နှစ်သိန်း လှူဒါန်းစဉ်။ (က-ပ)

စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး

လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေး လုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၈)ကို ဇန်နဝါရီ ၂၆ ရက်က ပဲခူးတိုင်း ပဲခူးမြို့ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၌ ကျင်းပသည်။

လုပ်ငန်းကော်မတီ အစည်းအဝေးသို့ စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်၊ ပဲခူးတိုင်းနှင့် ပဲခူးတိုင်း (အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုကော်မတီဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်တို့က စစ်တောင်းမြစ်ဝှမ်း၊ မြစ်မခမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က ရေလွှမ်းမိုးမှုကာကွယ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

(သတင်းစဉ်)

မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းရင်းများ လေ့လာ ကြိုတင်ကာကွယ်မှုများ စနစ်တကျဆောင်ရွက် တပ်ဖွဲ့ဝင်များ အရည်အချင်းပြည့်မီရေး ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ (၅)ယူနစ် နှစ်ထပ်အာရ်စီစီ အဆင့်မြင့်မီးသတ်စခန်း တည်ဆောက်ရေးစီမံကိန်း (ဘုရင့်နောင် မီးသတ်စခန်း)တွင် ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

စမ်းချောင်းမီးသတ်စခန်း

ထို့နောက် ဝန်ကြီးသည် စမ်းချောင်း မြို့နယ် ဗားကရာလမ်းရှိ စမ်းချောင်းမီးသတ်စခန်း ငါးထပ်အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အဆောက်အအုံအတွင်း မီးသတ်ယာဉ်များအတွက် ရေရရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ရေသိုလှောင်မှုစနစ်များ၊ အလိုအလျောက်ရေဖျန်းစနစ် (Automatic Sprinkler System) တပ်ဆင်အသုံးပြုမှုနှင့် ခေတ်မီ မီးသတ်ကိရိယာများ တပ်ဆင်ထားရှိမှု၊ လက်တွေ့အသုံးပြုမှု၊ ခေတ်မီ ငါးထပ်အဆောက်အအုံ၌ တည်ဆောက်မည့် မီးသတ်မျှော်စင်နေရာနှင့် ရေလှောင်ကန်များ တည်ဆောက်ဆောင်ရွက်မည့် အခြေအနေတို့ကို လိုက်လံရှင်းလင်း ပြသကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဝန်ကြီးသည် မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာနသို့ရောက်ရှိကာ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ မြန်မာနိုင်ငံအတွင်း ၂၀၀၆ ခုနှစ်တွင် မီးလောင်မှု ၈၃၃ ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် မီးလောင်မှု ၉၄၄ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ်တွင် မီးလောင်မှုလျော့နည်းစေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ကြရန်၊ မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းများကို လေ့လာဆန်းစစ်၍ ကြိုတင်ကာကွယ်မှုများ စနစ်တကျ ဆောင်ရွက်ကြရန်၊ ခေတ်မီ မီးသတ်စခန်းများ၊ မီးသတ်ယာဉ်များ၊ ခေတ်မီ မီးငြိမ်းသတ်ရေးကိရိယာများ တပ်ဆင်ဖြည့်ဆည်းပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်များ အရည်အသွေး၊ အရည်အချင်း ပြည့်မီရေးအတွက်လည်း အစဉ်လေ့ကျင့် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအပြင် ပြည်သူများ သဘာဝအန္တရာယ်နှင့် မတော်တဆဖြစ်ပွားမှု အန္တရာယ်များ ကျရောက်ပါကလည်း ထိထိရောက်ရောက် ကူညီကယ်ဆယ်နိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုက်ကြီးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၉

တိုက်ကြီးမြို့နယ် အသင်း(ရန်ကုန်)၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည် အစည်းအဝေးကို စမ်းချောင်းမြို့နယ် ဗဟိုလမ်းရှိ အသင်းဓမ္မာရုံ၌ ဇန်နဝါရီ ၂၀ရက် နံနက် ၉နာရီက ကျင်းပရာ ယင်းအစည်းအဝေးတွင် အသက် ၈၀နှင့် အထက် အဘိုး၊ အဘွား ၁၃၂ဦးတို့အား ပူဇော်ကန်တော့ခြင်း၊ ဂုဏ်ထူး၊ ဘွဲ့ထူးရ သံဃာတော်သုံးပါး၊ လူပုဂ္ဂိုလ်လေးဦးတို့အား ဂုဏ်ပြုခြင်းနှင့် ပညာရည်ချွန်ဆုရ ခြောက်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦးတို့အား ပညာရည်ချွန်ဆု ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

(က-ပ)

Su-Kam ကုမ္ပဏီထုတ်ပစ္စည်းများ ဈေးကွက်သို့စတင်ဖြန့်ဖြူးခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

လင်းရာမကုမ္ပဏီ၊ Swiss Singapore Co.,Ltd.နှင့် အိန္ဒိယနိုင်ငံမှ Su-Kamကုမ္ပဏီတို့ ပူးပေါင်းကျင်းပသော Su-Kamကုမ္ပဏီထုတ် အဆင့်မြင့် Home UPS၊ One Line UPS၊ Line Interactive UPSများနှင့် အသံတိတ် မီးစက်(အင်ဗာတာ)များ ဈေးကွက်သို့ စတင်ဖြန့်ဖြူးခြင်း၊ မြန်မာနိုင်ငံတွင်တစ်ဦးတည်း ရောင်းချမှုနှင့် ကိုယ်စားလှယ် အသိအမှတ်ပြုခြင်း အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီ ၃ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Singnature စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာအိန္ဒိယနိုင်ငံ Su-Kam ကုမ္ပဏီမှ ဒုတိယအထွေထွေမန်ဂျာ မစ္စတာ Dhananjay Sharma က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး

မြန်မာနိုင်ငံဈေးကွက်တွင် Su-Kam အသံတိတ် မီးစက်(အင်ဗာတာ)များ ရောင်းချခွင့် အသိမှတ်ပြုလွှာကို လင်းရာမ ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော် လင်းသို့ပေးအပ်သည်။ **(ဝဲပုံ)**

ပြန်လည်ဖြေကြား

ထို့နောက် Su-Kam ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်တစ်ဦးက အသံတိတ်မီးစက်(အင်ဗာတာ)၏ အဆင့်မြင့် စွမ်းဆောင်ရည်များကို အသေးစိတ် ရှင်းလင်း ပြောကြားပြီး တက်ရောက်ကြသော ဧည့်သည်တော်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

အပြည့်အဝထုတ်လုပ်ပေး

ကွန်ပျူတာ၊ အဝတ်လျှော်စက်၊ အဲယားကွန်း၊ အောက်ဆီဂျင်ထုတ်စက်၊ ဓာတ်လှေကားများ၊ ဆက်သွယ်ရေးစက်ပစ္စည်းများ၊ ဝပ်အားကြီးမားသော စက်ရုံအလုပ်ရုံသုံး စက်ပစ္စည်းများအတွက် လိုင်းလျှပ်စစ်မီးအတိုင်း အပြည့်အဝ ထုတ်လုပ်ပေးနိုင်ကြောင်း သိရှိရသည်။ အိမ်သုံး၊ ဆေးရုံသုံး၊ Hotel သုံး၊ ရုံးသုံး၊ အဘက်ဘက်တွင် အသုံးချနိုင်သော ဘက်စုံသုံး စက်မျိုးဖြစ်ပြီး ရေရှည်တွင် အင်ဂျင်သုံးမီးစက်များထက် ကုန်ကျစရိတ်သက်သာကြောင်း သိရှိရသည်။

ဆက်သွယ်နိုင်

အထက်ပါ အသံတိတ်မီးစက်(အင်ဗာတာ)များကို ဝယ်ယူလိုပါက လင်းရာမကုမ္ပဏီ အမှတ် ၂၁၈ ဗိုလ်ဆွန်ပက်လမ်း (အလယ်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၃-၆၆၇၊ အမှတ် ၂၁ ဒီပဲယင်းဝန်ထောက် ဦးမြလမ်း ဒဂုံအရှေ့စက်မှုမြို့ ဖုန်း-၅၈၅၁၀၆၊ ၀၉-၅၀၂၀၆၅၉နှင့် အမှတ် ၃၃ ကျောက်ရေတွင်းလမ်း ကျောက်မြောင်း ဖုန်း-၅၄၀၂၄၅ တို့သို့ ဆက်သွယ်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေး မြို့တော်ဝန်ဖလား အမျိုးသမီး(အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၂၉

၂၀၀၈ခုနှစ် မန္တလေးမြို့တော်ဝန်ဖလား အမျိုးသမီး(အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၁၇ရက် နံနက်ပိုင်းက မန္တလေးအောင်မြေသာစံမြို့နယ် ရွှေမန်းတောင် အားကစားပြိုင်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်အားပေးသည်။(အပေါ်ပုံ)

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ အစီအစဉ်အရ ပြိုင်ပွဲဝင် အသင်းများမှ နည်းပြ၊ အုပ်ချုပ်သူနှင့် အားကစားသမားများသည် ကွင်းအတွင်း နေရာယူကြပြီးနောက် တိုင်းမှူး၏ဇနီး ဒေါက်တာ ဒေါ်ခင်သီတာနှင့် မန္တလေးတိုင်း အမျိုးသမီး အားကစားအဖွဲ့ နာယကအဖွဲ့ဝင် မြို့တော်ဝန်၏ ဇနီး ဒေါ်မိုးသီတာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင် အသင်းများမှ အားကစားသမားများသည် ရွှေမန်းတောင် အားကစားကွင်း အတွင်း၌ အားကစား သစ္စာအဓိဋ္ဌာန် သီဆိုကြပြီးနောက် ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများမှ မြို့တော်စည်ပင် (က)အသင်းနှင့် မန္တလေးခရိုင် အသင်းတို့က သရုပ်ပြယှဉ်ပြိုင်ကစားကြရာ မြို့တော်စည်ပင်အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

၂၀၀၈ခုနှစ် ပထမအကြိမ် မန္တလေးမြို့တော်ဝန်ဖလား အမျိုးသမီး (အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် (က) အုပ်စု၌ မြို့တော်စည်ပင်(က)၊ ကျောက်ဆည်ခရိုင်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးခရိုင်၊ (ခ)အုပ်စု၌ အားကစားနှင့်ကာယပညာသိပ္ပံ (က)၊ ပြင်ဦးလွင်ခရိုင်၊ ရွှေမန်းတောင်၊ (ဂ)အုပ်စု၌ မန္တလေးတိုင်း အခြေခံပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ခ)၊ မြို့တော်စည်ပင် (ခ) အသင်းတို့မှ အားကစားသမား ၁၀၀တို့က ဇန်နဝါရီ ၁၇ရက်မှ ၂၂ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်-ပုသိမ်လမ်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်-ပုသိမ်လမ်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို လမ်းတစ်လျှောက်၌ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ဆားမလောက်-မအူပင်လမ်းအပိုင်း မိုင်တိုင် ၂၈မိုင် ၆ဖာလုံ၌ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)က လမ်းပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ မိုင်တိုင် ၂၉မိုင်၃ဖာလုံ၌ လမ်းပြုပြင်ထိန်းသိမ်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းပံ့ပိုးပေး

ထို့နောက် ဝန်ကြီးသည် ဆားမလောက်-မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း တစ်လျှောက်၌ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မအူပင်ခရိုင်စီမံကိန်းရုံး၌ လိုအပ်သည်များကို တာဝန်ခံအင်ဂျင်နီယာမှူးများအား မှာကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဆက်သွယ်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းသည် ဇန်နဝါရီ ၂၃ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့သို့ရောက်ရှိပြီး မိုင်းဖြတ်မြို့တွင် အော်တိုအိတ်ချိန်း တပ်ဆင်ပေးမည့်ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာချီလိတ်မြို့သို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ ယင်းနောက် တာချီလိတ်မြို့ အော်တိုအိတ်ချိန်း၊ စာတိုက်နှင့်ကြေးနန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းသည် ဇန်နဝါရီ၂၄ရက်တွင် မိုင်းယောင်းမြို့သို့ ရောက်ရှိပြီး ဒေသဆက်သွယ်မှု ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးသည်။ ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၂၅ရက်တွင် ကျိုင်းတုံမြို့သို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားကာ ကျိုင်းတုံမြို့ အော်တိုအိတ်ချိန်း၊ စာတိုက်နှင့် ကြေးနန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ) (သတင်းစဉ်)**

သံဖြူဇရပ်မြို့နယ် ကရင်သောင်ကျေးရွာ တွဲဖက်အထက ကျောင်းဆောင်သစ်အတွက် လှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကရင်သောင်ကျေးရွာ တွဲဖက်အထက နှစ်ထပ် ကျောင်းဆောင်သစ်ကြီးကို ၂၀၀၇ခုနှစ် စက်တင်ဘာ၂၂ရက်မှစတင်၍ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းသားကျောင်းသူများ၏ မိဘများက ဦးဆောင်လျက် ဆောက်လုပ်နေပြီဖြစ်သည်။

ရပ်ဝေးရောက် ကျောင်းသားကျောင်းသူဟောင်းများနှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးမြင့်ဆွေ ဖုန်း-၀၁-၂၄၄၃၀၀(ရန်ကုန်)၊ ဦးခင်ညို-ခရိုင်ဦးစီးအရာရှိ ထွေ/အုပ် (ဘားအံမြို့)၊ ဆရာမကြီး ဒေါ်သန်းနွဲ့ (အထက) တံခွန်တိုင် ကျေးရွာတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ဖျာပုံမြို့ အမက(၂၀) ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျိုက်လတ်မြို့ အမှတ်(၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၂၇ရက်က ဧရာဝတီတိုင်း ဖျာပုံမြို့နယ် ချောင်းတွင်း(မြောက်) အမှတ်(၂၀) အခြေခံပညာမူလတန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး ရှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကားပြောကြားပြီး အလှူရှင်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ခရိုင်ပညာရေးမှူးထံ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျောင်းဆောင်သစ် ထပ်မံဆောက်လုပ်ရန်အတွက် အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းပြီး ကျောင်းဆောင်သစ်ထပ်မံဆောက်လုပ်ရန် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း၏ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိ၍ အလျားပေ၁၂၀၊ အနံပေ၃၀ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ကတ္တရာလမ်းသစ်ဖွင့်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျိုက်လတ်မြို့ အမှတ်(၃) လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို တက်ရောက်အားပေးရာ ရှေးဦးစွာ စည်ပင်သာယာရေး ဦးစီးဌာန အမှုဆောင်အရာရှိ ဦးမင်းနိုင်က ကတ္တရာလမ်းသစ် ဖောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးကြသည်။**(အပေါ်ပုံ)** အဆိုပါ ကတ္တရာလမ်းသစ်မှာ အလျားပေ၈၀၀၊ အကျယ်၁၂ပေရှိသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာဝန်ထမ်းများ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် ကျီးချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကာ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် အဆင့်မြင့်တန်းမှ စီးပွား/ကူးသန်း ဘောလုံးအသင်းအား ၂၀၀၇–၂၀၀၈ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီးနောက် ဆုဖလားနှင့်အတူ ဤသို့ တွေ့ရသည်။

မြန်မာ–ကိုရီးယားချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ စီးပွား/ ကူးသန်းနှင့် အူလ်ဆန်တက္ကသိုလ် ယနေ့ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏စီစဉ်မှုဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်း (University of Ulsan FC) နှင့် အဆင့်မြင့်တန်းမှ စီးပွား/ကူးသန်း ဘောလုံးအသင်းတို့၏ ခြေစမ်း ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ကြိုဆိုနှုတ်ဆက်

ကိုရီးယား သမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းသည် ယနေ့ညပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် UM Sung-Ho၊ နည်းပြချုပ်အဖြစ် MOO N Gi- nami၊ နည်းပြအဖြစ် KIM Jong-Koun တို့က တာဝန်ယူဆောင်ရွက်ပြီး အားကစားသမား ၂၄ဦး လိုက်ပါလာသည်။

အူလ်ဆန် တက္ကသိုလ် ဘောလုံးအသင်းနှင့်ခြေစွမ်းပွဲ ယှဉ်ပြိုင်ကစားမည့် အဆင့်မြင့်တန်းမှ စီးပွား/ကူးသန်း ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးနီပေါ၊ အတွင်းရေးမှူးအဖြစ် ဦးစန်းထွန်း၊ အုပ်ချုပ်သူအဖြစ် ဦးမြင့်သိန်း၊ နည်းပြချုပ်အဖြစ် ဦးဉာဏ်ဝင်း၊ နည်းပြအဖြစ် ဦးအောင်နိုင်၊ လက်ထောက်နည်းပြများအဖြစ် ဦးစိုးမိုး၊ ဦးတင်လှိုင်နှင့် ဦးမျိုးထွန်းတို့က တာဝန်ယူ ဆောင်ရွက်ကြသည်။

ပါဝင်ကြ

အားကစားသမားများအဖြစ် **(ဂိုး)** တင်ယု၊ ဇော်မိုးထက်၊ သီဟစည်သူ၊ စိုးပိုင်ဖြိုး၊ **(နောက်တန်း)** မင်းသူ၊ ဇော်လင်းထွန်း၊ မျိုးဇော်ထွန်း၊ ကျော်ကျော်ထွန်း၊ ချမ်းချမ်း၊ မန်းကျော်ထူး၊ ဇော်ခါး၊ ဇော်ဇော်အောင်၊ မိုးဝင်း၊ **(အလယ်တန်း)** အောင်မျိုးသန့်၊ အောင်ရဲထွဋ်၊ ကျော်ဇင်ဝင်း၊ ဘိုဘိုအောင်၊ တင်မင်းထွန်း၊ ဝင်းသိန်းဦး၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ မင်းကိုကို **(ရှေ့တန်း)** စထက်နိုင်ဝင်း၊ ဟိန်းဇာထွန်း၊ မျိုးလှိုင်ဦး၊ ဘီဂျိမ်းဒွေးတို့ ပါဝင်ကြသည်။

စီးပွား/ကူးသန်းဘောလုံးအသင်း အုပ်ချုပ်သူ ဦးမြင့်သိန်း (လက်ထောက်မန်နေဂျာ)အား အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ခြေစမ်းပွဲအကြို မေးမြန်းရာတွင် **“မိမိတို့အသင်းအနေဖြင့် အမှတ်ပေး ပြိုင်ပွဲ၌ ချန်ပီယံဆုရရှိရေးအတွက် အဓိကထားပြင်ဆင်လေ့ကျင့်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ခြေစမ်းပွဲကစားခွင့်ရခြင်းမှာ ပြိုင်ဘက်ကောင်းတစ်သင်းနှင့် ယှဉ်ပြိုင်ကစားရခြင်းဖြစ်၍ များစွာ အကျိုးရှိကြောင်း၊ ယမန်နှစ်က မိမိတို့အသင်း နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း၊ ထိုစဉ်က ဘဏ္ဍာ/အခွန် အသင်းပင်လျှင် အူလ်ဆန်တက္ကသိုလ် အသင်းကို ဂိုးမရှိသရေသာကစားနိုင်ခဲ့ကြောင်း၊ အူလ်ဆန်တက္ကသိုလ်အသင်းမှာ အသင်းကောင်းတစ်သင်း ဖြစ်ကြောင်း၊ မိမိတို့၏ လက်ရှိအသင်းမှာ ယမန်နှစ်ကအသင်းထက် ပို၍ တောင့်တင်းမှုရှိ၍ မရှုံးရအောင် ကစားမည်ဖြစ်ကြောင်း”** ပြောကြားခဲ့သည်။

သတင်းဆောင်းပါး – ကိုထွေး

မပါဝင်ခဲ့

ဆက်လက်၍ ပြင်ဆင်ထားရှိမှု အပိုင်းကိုပြောကြားရာတွင် “အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ကစားရန်အတွက် သီးခြားပြင်ဆင်ခြင်းမျိုးမရှိဘဲ အမှတ်ပေးပြိုင်ပွဲအတွက်သာ ပြင်ဆင်ထားကြောင်း၊ ယမန်နှစ်က အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ခြေစမ်းခဲ့ရာ နည်းပြချုပ်ဦးဉာဏ်ဝင်း၊ နောက်တန်းလူ မိုးဝင်း၊ အလယ်တန်းလူ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်နှင့် မျိုးမင်းထွန်းတို့ မပါဝင်ခဲ့ကြောင်း၊ လူငယ်လက်ရွေးစင် အသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်နေ၍ ဖြစ်ကြောင်း၊ ယခုပွဲတွင် လူစုံတက်စုံ ပါဝင်နိုင်မည်ဖြစ်ပြီး လက်ရွေးစင် ဘောလုံးသမားများကို အဓိကထား ပွဲထုတ်မည်ဖြစ်ကြောင်း၊ နောက်တန်းလူ မိုးဝင်းမှာ စာမေးပွဲဖြေဆိုနေ၍ ပါဝင်ကစားရန် မသေချာကြောင်း၊ အူလ်ဆန် တက္ကသိုလ်အသင်းနှင့် ခြေစမ်းခွင့်ရခြင်းမှာ မိမိတို့၏ အမှတ်ပေးချန်ပီယံဆု ရရှိရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အတွေ့အကြုံကို ဝယ်ယူ၍ မရနိုင်ကြောင်း၊ နိုင်ငံတကာအသင်း တစ်သင်းနှင့် ပြည်တွင်း၌ကစားခွင့်ရခြင်းမှာ ကြုံတောင့်ကြုံခဲဖြစ်ကြောင်း” ပြောကြားခဲ့သည်။

အနိုင်ရခဲ့

စီးပွား/ကူးသန်းအသင်းသည် အဆင့်မြင့်တန်းအမှတ်ပေး(မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲတွင် လေးပွဲကစား လေးပွဲနိုင် ၁၂မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာ၌ ရပ်တည်လျက်ရှိသည်။ ၂၀၀၇ခုနှစ်က အူလ်ဆန်တက္ကသိုလ်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ အူလ်ဆန်တက္ကသိုလ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ကွင်းဝင်ကြေး

မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်အရကျင်းပသည့် စီးပွား/ကူးသန်းအသင်းနှင့် အူလ်ဆန်တက္ကသိုလ်အသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် ၁၀၀၀၊ ရိုးရိုးတန်း ငွေကျပ် ၅၀၀ သတ်မှတ်ထားသည်။ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ၌ ခြေစွမ်းပြလျက်ရှိသော စီးပွား/ ကူးသန်း အသင်းက အူလ်ဆန်တက္ကသိုလ်အသင်းကို ရှုံးကြွေးဆပ်နိုင်မည်လားဆိုသည်ကိုမူ ....။ **(မြန်မာ့အလင်း)**

အဆင့်မြင့်တန်းပွဲ မြန်မာ့မီးရထားနိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေး (မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာ့မီးရထားအသင်းက ဆောက်လုပ်ရေးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးနိုင်

ဇန်နဝါရီ ၂၈ရက်က အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ

ဂျွန်ဆင် ဖူလ်ဟမ်အသင်းကို ကယ်တင်ပေးနိုင်ပါ့မလား

ရေးသူ–မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၂၉

တန်းဆင်းဇုန်ထဲ ရောက်နေပြီး ဒီနှစ်မှာ ခြေစွမ်းမပြနိုင်ဘဲဖြစ်နေတဲ့ ဖူလ်ဟမ်အသင်းဟာ လက်ရှိအခြေအနေကရုန်းကန်ကြိုးစားပြီးတန်းဆင်းဇုန်က လွတ်မြောက်ဖို့အတွက် အမေရိကန်တိုက်စစ်မှူး အစ်ဒီဂျွန်ဆင်ကို စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။

ဖူလ်ဟမ်သို့ပြောင်းရွှေ့လာသည့် အမေရိကန် တိုက်စစ်မှူး ဂျွန်ဆင်။
(အင်တာနက်ဓာတ်ပုံ)

အစ်ဒီဂျွန်ဆင်ကို ဖူလ်ဟမ်က ခေါ်ယူလိုက်တာကြောင့် ပရီမီယာလိဂ်မှာ တစ်သင်းတည်း အမေရိကန်ဘောလုံးသမား ငါးဦးအထိ ရှိနေတဲ့ ထူးထူးခြားခြား ဘောလုံးအသင်းအဖြစ် မှတ်တမ်းတင်ခဲ့ပြီဖြစ်ပါတယ်။

စုဝေး

ဖူလ်ဟမ်အသင်းမှာ အမေရိကန်ဘောလုံးသမားတွေဖြစ်တဲ့ ကွင်းလယ်ကစားသမားကလင့်ဒမ်ဆေး၊နောက်ခံလူ ကာလို့စ်နီဂရာ၊ ဂိုးသမားကာဆေးကီးလ်လာနဲ့ တိုက်စစ်မှူးမက်ဘရစ်တို့ ရှိနေခဲ့ပြီး အခု ဂျွန်ဆင်ရောက်လာခဲ့တာမို့ အမေရိကန်ဘောလုံးသမားတွေ စုဝေးရာအသင်းလည်းဖြစ်လာခဲ့ပါတယ်။

ဂျွန်ဆင်ဟာ အမေရိကန်ကလပ် ကင်ဆက်စ်စီးတီးဝီဇက်စ် အသင်းမှ တိုက်စစ်မှူးလည်းဖြစ်ပြီး အမေရိကန် ဘောလုံးအသင်း လက်ရွေးစင်တိုက်စစ်မှူးလည်း ဖြစ်ပါတယ်။ အမေရိကန် အမျိုးသားဘောလုံး အသင်းအတွက် ၃၁ ပွဲ ကစားပေးခဲ့သူဖြစ်ပြီး ၁၁ ဂိုး သွင်းပေးထားနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

အသက် ၂၃ နှစ်အရွယ်သာရှိသေးပြီး မြင့်မားတဲ့ အရပ်အမောင်းပိုင်ရှင်လည်းဖြစ်တာမို့ ရှေ့တန်းမှာ အပေါ်နဲ့ အောက်ဘောတွေ မလွတ်တမ်းအသုံးချနိုင်တဲ့သူဖြစ်တယ်လို့ဖူလ်ဟမ်အသင်း တာဝန်ရှိသူတွေက ပြောကြားနေပါတယ်။

ဖူလ်ဟမ်အသင်းရဲ့ လက်ရှိ တိုက်စစ်မှူး မက်ဘရစ်ဟာ ဒဏ်ရာအနာတရဖြစ်နေတာမို့ ဒီနှစ်တန်းမဆင်းရရေး ရည်မှန်းချက်မပျက်အောင် တိုက်စစ်မှူးအစားထိုးတဲ့နေရာမှာ ဂျွန်ဆင်ကို ခေါ်ယူခဲ့ခြင်း ဖြစ်တယ်လို့လည်း ဖူလ်ဟမ်ကလပ်က ပြောကြားခဲ့ပါတယ်။

စာချုပ်

ဂျွန်ဆင်ကို ဖူလ်ဟမ်ကခေါ်ယူခဲ့တဲ့နေရာမှာ သုံးနှစ်ခွဲစာချုပ်ဖြစ်ပြီး အင်္ဂလန်မှာ အလုပ်လုပ်ကိုင်ခွင့်လည်း ရရှိခဲ့ပြီးဖြစ်လို့ ဖူလ်ဟမ်အသင်းကို ရောက်ရှိလေ့ကျင့်တော့မှာဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းဟာ ဒီနှစ် ပရီမီယာလိဂ် ၂၃ ပွဲကစားပြီးချိန်မှာ နှစ်ပွဲသာအနိုင်ရရှိသေးတာမို့ ဒီလိုအကျပ်အတည်း အခက်အခဲ အနေအထားက ရုန်းထွက်ဖို့ဆိုတာ လက်ရှိလူအင်အားနဲ့ မလုံလောက်တော့တာမို့ ဒိန်းမတ်ကွင်း လယ်ကစားသမားနဲ့ ဝါဒါဘရီမင်ကလပ်ကွင်းလယ်ကစား သမားလည်းဖြစ်တဲ့ လီရွန်အင်ဒါဆင်ကိုလည်း ခေါ်ယူစာချုပ်ချုပ်နေပါပြီ။

ဒီအင်အားသစ်တွေနဲ့ တန်းဆင်းဇုန်ထဲက လွတ်မြောက်အောင်ကြိုးစားမယ့် ဖူလ်ဟမ်အသင်းရဲ့ အနာဂတ်ကို တိုက်စစ်မှူးဂျွန်ဆင် ဘယ်လောက်အထိ စွမ်းဆောင်ပေးနိုင်မလဲဆိုတာကလည်း စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

ကြိုးစားခဲ့

အသက် ၂၃ နှစ်အရွယ်ရှိ အမေရိကန်တိုက်စစ်မှူး ဂျွန်ဆင်ကို မန်ယူကလည်း ခေါ်ယူဖို့ကြိုးစားခဲ့သေးတယ်လို့ ဆိုပါတယ်။ မန်ယူကင်းထောက်တွေဟာ ဂျွန်ဆင်ကစားတဲ့ပွဲတွေကို လိုက်ကြည့်ခဲ့ပြီး မန်ယူအသင်းနဲ့ သင့်တော်တဲ့ တိုက်စစ်မှူးအဖြစ် သတင်းပို့ခဲ့ပေမယ့် တကယ်တမ်း ဆွေးနွေးတဲ့အခါ ကင်ဆက်စ်စီးတီး ဝီဇက်စ်ကလပ်နဲ့ သဘောတူညီမှု မရရှိခဲ့လို့ ပျက်ပြယ်ခဲ့ခြင်း ဖြစ်ပါတယ်။

မှတ်ချက်ပြု

မန်ယူ ကင်းထောက်တွေရဲ့ သုံးသပ်ချက်ကတော့ ဂျွန်ဆင်ဟာ တစ်ဖက်အသင်း ဂိုးဧရိယာအတွင်းမှာ ဂိုးရအောင် စွယ်စုံတိုက်စစ်ဆင်နိုင်တဲ့ ထူးထူးခြားခြား တိုက်စစ်မှူး တစ်ဦးဖြစ်တယ်လို့မှတ်ချက်ပြုထားပါတယ်။

အခုဖူလ်ဟမ်အသင်း တိုက်စစ်ကို ရောက်လာတဲ့ ဂျွန်ဆင်ဟာ အခက်အခဲ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတဲ့ ဖူလ်ဟမ်အသင်းကို ဘယ်လို ခြေစွမ်းတွေနဲ့ ကယ်တင်ပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း...။ ။

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အိမ်ရှင်ဂါနာအသင်း အုပ်စုတွင်း၌ ဦးဆောင်

ဂါနာ ဇန်နဝါရီ ၂၉

အာဖရိက နိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို ဂါနာနိုင်ငံ၌ ဇန်နဝါရီ ၂၈ ရက်က ဆက်လက်ကျင်းပခဲ့ရာ အုပ်စု (က)မှ အိမ်ရှင်ဂါနာအသင်းသည် မော်ရိုကိုအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး အုပ်စုတွင်း ဦးဆောင်မှုရရှိနေသည်။

သွင်းယူ

ဂါနာအသင်းတွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်ဆီယံ ဦးဆောင်ကစားခဲ့ရာ ပွဲစပြီး ၂၆ မိနစ်အကြာ အက်ဆီယံက ဖွင့်ဆော်ဦးဂိုး သွင်းယူပေးနိုင်ခဲ့သည်။

အိမ်ရှင်ဂါနာအသင်းသည် ပြိုင်ပွဲစသည်နှင့် မော်ရိုကိုနောက်တန်းကို တရစပ်တိုက်စစ်ဆင်ကစားခဲ့ရာ မော်ရိုကို နောက်တန်းကစားသမား တစ်ဦးက ကြမ်းတမ်းစွာကစားခဲ့၍ ဂါနာအသင်းမှ တည်ကန်ဘောရရှိခဲ့သည်။

ယင်းတည်ကန်ဘောကို ဂါနာကစားသမား မွန်တာရီက မော်ရိုကိုအသင်း ဂိုးရှေ့သို့ အမြောက်ကန်ပေးလိုက်ရာ ကွင်းလယ်ကစားသမား အက်ဆီယံရရှိသွားပြီး အပိုင်ကန်သွင်းယူခဲ့သည်။

ဖြတ်တင်ဘော

ဂါနာအသင်းအတွက် ဒုတိယမြောက်ဂိုးကိုလည်း မွန်တာရီနှင့် အက်ဆီယံတို့အချိတ်အဆက်မိမိဖြင့်ကစားခဲ့မှုကြောင့် ပထမပိုင်းပြီးရန်မိနစ်ပိုင်းအလိုတွင် အက်ဆီယံ ဖြတ်တင်ပေးသောဘောလုံးကို မွန်တာရီကသွင်းယူပေးနိုင်ခဲ့သည်။

မကျော်နိုင်

ဒုတိယပိုင်းတွင် မော်ရိုကိုအသင်းက ချေပဂိုးရရှိရေး အကြိတ်အနယ် ကြိုးစားသော်လည်း ဂါနာအသင်း နောက်တန်းခံစစ်ကို မကျော်နိုင်ခဲ့ပေ။

ယှဉ်ပြိုင်

ဂီနီအသင်းနှင့် နမီးဘီးယားအသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်မှုကို တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

ဂါနာအသင်းသည် ယင်းပွဲတွင် အနိုင်ရခဲ့၍ သုံးပွဲကစား သုံးပွဲနိုင်ပြီး ရမှတ် ကိုးမှတ်ဖြင့် အုပ်စု (က)တွင် ဦးဆောင်လျက်ရှိသည်။

ထိုနေ့က အုပ်စု (က)အသင်းများဖြစ်ကြသည့် ဂီနီအသင်းနှင့် နမီးဘီးယား အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရသည်။ ဂီနီအသင်းသည် အုပ်စု(က)တွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးပြီး ရမှတ်လေးမှတ်ဖြင့် ဒုတိယနေရာ၌ ရှိနေသည်။

ရမှတ်

အုပ်စု(ခ)မှ အိုင်ဗရီကို့စ်အသင်းသည် နှစ်ပွဲကစားပြီး နှစ်ပွဲစလုံးအနိုင်ရရှိထား၍ ရမှတ်ခြောက်မှတ်ရရှိထားသည်။

အုပ်စု(ဂ)မှ အီဂျစ်အသင်းကလည်း နှစ်ပွဲကစား နှစ်ပွဲနိုင်ထား၍ အမှတ်ပေးဇယားထိပ်ပိုင်း၌ရှိနေသည်။

အုပ်စု (ဃ)မှ တူနီးရှားအသင်းသည် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ်လေးမှတ်ဖြင့် အုပ်စု၌ ဦးဆောင်နေသည်။ **(အင်တာနက်)**

စုစည်းရေးသားသူ –မြင့်မောင်စိုး

ဟိုပင်မြို့ မြေနုကျေးရွာ မူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲနှင့် အာစရိယပူဇော်

ဟိုပင် ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် ဟိုပင်မြို့ မြေနုကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဌမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ ဒသမအကြိမ် အာစရိယပူဇော်ပွဲနှင့် သြဝါဒခံယူပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၈နာရီက မြေနုကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် ဟိုပင်မြို့အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက အမှာစကား ပြောကြားပြီး အပူဇော်ခံ သက်ကြီးဘိုးဘွားများနှင့် မြေနုကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား တစ်ဦးလျှင် ဆန်တစ်အိတ်စီနှင့် ခြုံထည်စောင်များဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ၂၀၀၆-၂၀၀၇ပညာသင်နှစ်တွင် မြေနုကျေးရွာမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်မြို့ စီမံကိန်းဧရိယာ(၂) ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြေတူးစက်ဖြင့် ရေမြောင်း တူးဖော်ဆောင်ရွက်မှုကို ဒီဇင်ဘာ၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးမျိုးသိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၁၇ရက်က ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင် မြို့စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်ရွက်သော ပြည်ကြီး မဏ္ဍိုင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးသိန်းထူး ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးတင်အောင်လတ်က ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

စလင်းမြို့ အောင်မင်္ဂလာလမ်း ကတ္တရာခင်း

စလင်း ဇန်နဝါရီ ၁၅

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်သည် ဒီဇင်ဘာ၁၈ရက်က စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်သော အောင်မင်္ဂလာလမ်း ကတ္တရာခင်းမှုကိုကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အဆိုပါကတ္တရာလမ်းသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့်လမ်းဖြစ်ပြီး အလျား ပေ ၁၃၅၀၊ အကျယ် ၁၂ပေရှိ၍ အဖွဲ့ရန်ပုံငွေကျပ် ၁၀၂၁၁၀၀၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ စိုက်ပျိုးမှုကို ဒီဇင်ဘာ ၁၇ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတစ်ဝန်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ

မိတ္ထီလာစာကြည့်တိုက်များသို့ ရေဒီယိုများ ပေးအပ်လှူဒါန်း

မိတ္ထီလာ ဇန်နဝါရီ ၁၈

မိတ္ထီလာမြို့နယ် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရေဒီယိုများ လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက် ၁၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး ရေဒီယို ၆၃ လုံးကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က ကျေးရွာအုပ်စု ၅၈ အုပ်စုကိုယ်စား တောမကျေးရွာအုပ်စုဥက္ကဋ္ဌဦးမောင်ကိုထံ လည်းကောင်း၊ မြို့နယ်အတွင်းရေးမှူး ဦးမြင့်အောင်က ညောင်စောက်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးချိုလေးထံ လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက ကြွယ်ကန်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခင်မောင်ရှိန်ထံလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က ဇောင်ချမ်းကုန်းကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းထံ လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၇၈)**

တာချီလိတ်ခရိုင် ပြန်/ဆက်ရုံးသို့ ဖက်စ်ဖုန်းနှင့် ငွေပဒေသာပင်လှူဒါန်း

တာချီလိတ် ဇန်နဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်သည်ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးနှင့်အတူ ဇန်နဝါရီ ၁၅ရက်နံနက်က တာချီလိတ်ခရိုင်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာတာလေမြို့ရုံးတွင်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တာချီလိတ်မြို့ ရန်ရှင်းလေးကျေးရွာ ရောင်နီဦးစာကြည့်တိုက်၊ ဆီလီငေါက်ကျေးရွာ ပညာရွှေတောင်စာကြည့်တိုက်နှင့် မယ်ယန်းကျေးရွာ ဆုံဆည်းရာစာကြည့်တိုက်များကို စစ်ဆေးပြီးစာကြည့်တိုက်ကော်မတီဝင်များအား စာကြည့်တိုက်များ ရေရှည်ဆက်လက်ထိန်းသိမ်းကြရန် မှာကြားသည်။

ဆက်လက်၍ တာချီလိတ်ခရိုင်ရုံးအတွက် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံသို့ မြို့နယ်ပုံနှိပ်လုပ်ငန်းရှင်များကိုယ်စား ဦးတင်ဝင်းက ဖက်စ်ဖုန်းတစ်လုံးနှင့် ငွေပဒေသာပင်ငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးထိန်မင်း(မင်းအေးငြိမ်းချေ)က နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း(လစဉ်)တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ရေရှည်တည်တံ့ရေး စာအုပ်နှင့်ငွေလှူဒါန်း

မင်းကင်း ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ကျွန်းတောရွာ(အရှေ့) ရွာဦးဘုန်းတော်ကြီးကျောင်းတွင် စာကြည့်တိုက်ရေရှည် တည်တံ့ခိုင်မြဲရေး ဟောပြောပွဲနှင့် စာအုပ်နှင့်ငွေလှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ လိုက်ပါလျက် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောကာ စာကြည့်တိုက် အဆောက်အအုံသစ်အတွက် ကျေးရွာပြည်သူများက အလှူငွေကျပ်ငါးသိန်းနှင့် စာအုပ် ၈၀ ကျော် လှူဒါန်းကြသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ထုမြို့၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ဂန့်ဂေါ ဇန်နဝါရီ ၂၀

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ဝါလွန်ကျေးရွာ ယောဖိုးလှိုင်စာကြည့်တိုက်၌ ဇန်နဝါရီ ၁၄ရက်က စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးရာ ကျောက်ထုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပနားယောက စာဖတ်ဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက်ကျေးရွာစာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဝင် ဦးထွန်းကျော်က ဒို့ကျေးရွာဂျာနယ်အတွဲ(၄)အမှတ်(၁၇)မှ အစကောင်းခဲ့သည့် ဆောင်းပါးကို ဖတ်ကြား၍ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာတ်ပုံကျွမ်းကျင်(၂)ဦးကျော်သန်းဆွေက နိုင်ငံတကာသတင်းဂျာနယ် ၂၄အုပ်ကို ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။ **(၀၇၁)**

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မိုးဖိန်း-စီအင်(အပိုင်း-၃)ကျေးလက်မြေသားလမ်းခင်းခြင်းလုပ်ငန်းကို အဖွဲ့ပိုင်ယာဉ်စက်ယန္တရားဖြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်မြင့်မောင်နှင့်အဖွဲ့ဆောင်ရွက်ရာသို့ ဒီဇင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးစိုးနိုင် ကွင်းဆင်းစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

မူဆယ်မြို့ နမ့်ဖတ်တန်းကျေးရွာ မြေသားလမ်းဖောက်

မူဆယ် ဇန်နဝါရီ ၂၀

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ နမ့်ဖတ်တန်းကျေးရွာ ကျေးလက်မြေသားလမ်းနှင့် ရေမြောင်းဖောက်လုပ်မှုကို ဇန်နဝါရီ ၁၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးတင်ကိုကိုတို့ စစ်ဆေးရာ လုပ်ငန်းခွင် လက်ထောက်အင်ဂျင်နီယာ ဦးဘုန်းဇော်အောင်က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရေဦးမြို့ အထက(၂) ကျောင်းသားဟောင်းများ အာစရိယပူဇော်

ရေဦး ဇန်နဝါရီ ၁၈

ရေဦးမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)နှင့် ဦးစံမြင့် အလကကျောင်းမှ အငြိမ်းစားယူသွားခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ဘိုးရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက ဂါရဝပြု အမှာစကားပြောကြားပြီး တပည့်ဟောင်းကျောင်းသူ၊ ကျောင်းသားများက ကန်တော့ခံဆရာကြီး ဆရာမကြီး ၄၄ဦးတို့အား ဝတ္ထုငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ်ငါးသိန်းတို့ဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ **(၀၃၄)**

နဂါးနှစ်ကောင်ကျောင်း ဆရာတော် ဝိဇာတမင်္ဂလာ

တာချီလိတ် ဇန်နဝါရီ ၁၀

နိုင်ငံတော်သြဝါဒါစရိယ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသီရိ၏ သက်တော် (၈၀)ပြည့် ဝိဇာတမင်္ဂလာ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်၇နာရီက တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ နဂါးနှစ်ကောင်ကျောင်းတိုက်၌ ကျင်းပသည်။

ဂုဏ်ပြုပူဇော်

ရှေးဦးစွာ ဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့် ဝိဇာတမင်္ဂလာ အထိမ်းအမှတ်အဖြစ် သံဃာတော်အပါး၁၈၀အား ဆရာတော်ကြီးနှင့် တာဝန်ရှိသူများ၊ တပည့်ဒါယကာများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြပြီး **(ယာပုံ)** သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တော်များ ရွတ်ပွားချီးမြှင့်ကြကာ သံဃာတော်များနှင့် တပည့်ဒါယကာများက ဆရာတော်ကြီးအား ဂုဏ်ပြုပူဇော်ကြသည်။

ဆက်လက်၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှမေတ္တာပေးဝေပြီး ဆရာတော်ကြီးက ကြွရောက်လာကြသော တပည့်ဒါယကာများအား ဓမ္မလက်ဆောင်များ ချီးမြှင့်သည်။ ထို့နောက် ဆရာတော်ကြီးအား တပည့်ဒါယကာများက မီးပုံးပျံလွှတ်တင်ပူဇော်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(၀၁၆)**

ကျောင်းကုန်း ကန်ဒေါင့်ကျေးရွာ လက်နှိပ်တုံကင်ဖွင့်

ကျောင်းကုန်း ဇန်နဝါရီ ၉

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ခုနှစ် ကျေးလက်ရေရရှိရေးအတွက် တစ်လက်မခွဲ လက်နှိပ်ရေတုံကင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မိုးမခကျေးရွာအုပ်စု ကန်ဒေါင့်ကျေးရွာရှိ အဆိုပါလက်နှိပ်ရေတုံကင်နေရာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဉာဏ်လှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **(၂၆၅)**

မြို့နယ် သတင်းများ

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြရည်ပုလဲလမ်း ကတ္တရာလမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို ဇန်နဝါရီ၁ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးကြည်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၂၇ရက်က လားရှိုးမြို့တွင်း အဝိုင်းပတ်မှ မြို့ဝင်မုခ်ဦးအထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုကို ဒုတိယဦးစီးမှူး(သန့်) ဦးမျိုးဇော်ထွန်း ကြီးကြပ်ပေးစဉ်။

(ပြည်နယ် ပြန်/ဆက်)

ပုလဲမြို့၌ လူထုအသိပညာပေး စာပေဟောပြော

ပုလဲ ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်တွင် လူထုအသိပညာပေး စာပေဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် မွန်းလွဲ ၁နာရီက ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြော

ရှေးဦးစွာ ပုလဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေးက လူထုအသိ ပညာပေး စာပေဟောပြောပွဲ ကျင်းပရခြင်း အကြောင်း အဖွင့်အမှာစကား ပြောကြားပြီး လူထုအသိပညာပေး စာပေဟောပြောပွဲကို စာရေးဆရာများဖြစ်ကြသော စာရေးဆရာရုပ်ရှင်ဒါရိုက်တာ ဇွန်မောင်မောင်၊ ကဗျာဆရာ ကိုရွှေအောင်သင်း၊ ကဗျာဆရာ အယ်ဒီတာ မောင်လွမ်းနွယ်(အောင်လံ)တို့က ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်ရန် သစ်ပင်ပန်းပင်များစိုက်ပျိုးရေး၊ အဓိကကြက်ဆူပင်စိုက်ပျိုးမှုနှင့် ဇီဝဓာတ်ငွေ့အစားထိုးလောင်စာဆီ အကျိုးသက်ရောက်မှု၊ စာပေမီဒီယာအသွင် အနုပညာအမြင်များကို အသိပညာပေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မ အရန်မီးသတ်တပ်ဖွဲ့တို့ စုပေါင်း၍ မြို့မဈေးကြီးနှင့် မြို့နယ်စည်ပင်သာယာရေးရုံးရှေ့တွင် ဇန်နဝါရီ ၂၅ရက်က မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို ကျင်းပရာ ခေတ္တအမှုဆောင်အရာရှိ ဦးအောင်လေးနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၁၆)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး အတွင်း၌ စုပေါင်းဆောင်ရွက် ဆောက်လုပ်နေပြီဖြစ်သော လေးထပ်ဘောဇနဆောင်ကြီး အတွက် ဒေါ်စောရှိန် မွေးနေ့အလှူ မေတ္တာမွန်အိမ်ရာ တာမွေက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးထင်လင်း-ဒေါ်ရှုပို မိသားစု ကမာရွတ်မြို့နယ်က ငွေကျပ် တစ်သိန်း၊ ဦးကြည်အေး-ဒေါ်စောရီ မိသားစု သုဝဏ္ဏက ငွေကျပ်တစ်သိန်း၊ ဦးမျိုးဝင်း-ဒေါ်ဝင်းကြည် ဆစ်ဒနီ ဩစတြေးလျက ဒေါ်လာ ၁၀၀၊ ဒေါ်ညိုညိုဝင်းမောင်နှမတစ်စု ကျောက်မြောင်းက ငွေကျပ်တစ်သိန်း၊ ဦးအောင်မြင့်-ဒေါ်ချိုချိုလွင် ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်က ငွေကျပ် နှစ်သိန်း၊ ဦးဇော်ဝင်း-ဒေါ်မိုးစန္ဒာဝင်း သီရိလမ်း စမ်းချောင်းမြို့နယ်က ငွေကျပ် တစ်သိန်း၊ ဦးအောင်မော်ဦး-ဒေါ်မြကြည်ဖြူ ရွှေတောင်ကြားဗဟန်းမြို့နယ်က ငွေကျပ် ငါးသိန်း၊ ဦးသိန်းထွန်း ရွှေပန်းထိမ်မိသားစု လှိုင်မြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးစံညွှင်း-ဒေါ်ကျင်မိသားစု မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ် သုံးသိန်း၊ အဘွားဒေါ်နုမိခင် ဒေါ်နှင်းလှတို့အားရည်စူး၍ သားသမီး၊ မြေးမြစ်တစ်စု ကျောက်မြောင်းလမ်း တာမွေမြို့နယ်က ငွေကျပ် တစ်သိန်း တို့ကို လှူဒါန်းကြသည်။ အလှူရှင်များ စုပေါင်းဆောင်ရွက် လှူဒါန်းလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရေတိုးချဲ့ဖြန့်ဝေရေး ပိုက်လိုင်းသစ်များသွယ်

မိတ္ထီလာ ဇန်နဝါရီ ၅

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေရှားပါးသော ရန်မျိုးအောင်ရပ်ကွက် အရှေ့ပိုင်းသို့ ရေတိုးချဲ့ဖြန့်ဝေနိုင်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရေပိုက်လိုင်း အသစ်များ သွယ်တန်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ၁၇ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

မြင်းမူ၌ စေတနာ နေ့ကျောင်းဖွင့်

မြင်းမူ ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် စေတနာ နေ့ကျောင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက် နံနက် ၁၁နာရီက မြင်းမူမြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် မြို့နယ်ပညာရေးမှူး ဦးကြည်ဆောင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မညိုက စေတနာနေ့ကျောင်း ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို လည်းကောင်း၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းညွန့်က ကျောင်းစည်းကမ်းများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ စေတနာနေ့ကျောင်းကိုကျောင်းပိတ်ရက် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက်၁၁နာရီမှ ညနေ၃နာရီအထိ တစ်ရက်သုံးဘာသာ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

၂၀၀၈ ခုနှစ် ပညာရေး စုံညီပွဲတော်နှင့် ဆုပေးပွဲ အခမ်းအနားကို သန်လျင်မြို့ မြို့မတောင်ရပ်ကွက် ထန်းနှစ်ပင်အခြေခံပညာ မူလတန်းကျောင်း တွင် ဇန်နဝါရီ ၃ရက်က ကျင်းပရာ ကျောင်းသူကျောင်းသား များက အခမ်းအနားကို မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးစဉ်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ ရွှေသိင်္ဂီရတနာမွှာရုံ အမှတ် ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်သို့ ၆(က) ကိုယ့်မင်းကိုယ့်ချင်းလမ်းသွယ် ရွှေဂုံတိုင် ဗဟန်းမြို့နယ်နေ ဒေါ်ခင်မြင့်က (၇၇)နှစ်ပြည့် မွေးနေ့အဖြစ် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်က လက်ခံယူစဉ်။(က-ပ)

ညောင်စာရေးတိုက်နယ်အသင်း (ရန်ကုန်)သို့ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၉

ညောင်စာရေးတိုက်နယ်အသင်း (ရန်ကုန်)သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် နာရေးကိစ္စများ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ အခန်း ၄၊ ၁၂ခန်းတွဲ ရဲရိပ်သာရပ်ကွက် ဆိပ်ကမ်းသာမြို့နယ် ရန်ကုန်မြို့နေ ဦးဝင်းဆွေ-ဒေါ်မို့မို့ကြည်၊ သား မောင်အောင်ခိုင်မင်း၊ မောင်ဥက္ကာမင်းမိသားစုက ထာဝရငွေပဒေသာပင်အဖြစ် ငွေကျပ်တစ်သိန်းကို ဩဝါဒါစရိယနာယက ဆရာတော်ရှေ့မှောက်တွင် အမှုဆောင်အဖွဲ့အား လှူဒါန်းရာ ညောင်စာရေးတိုက်နယ်အသင်း ဥက္ကဋ္ဌဦးတင်ညွန့်နှင့်အမှုဆောင်များက လက်ခံယူသည်။ **(ယာပုံ)**

အဆိုပါညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)သို့ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုပါက ညောင်စာရေးတိုက်နယ်အသင်း ဖုန်း-၅၆၄၃၆၀နှင့် ၀၉-၅၁-၅၁၅၁၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်ကျွန်းမြို့ အထက(၁)ကျောင်းသားဟောင်းများ အငြိမ်းစားဆရာ ဆရာမများ ပူဇော်ကန်တော့ပွဲ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၀

မော်လမြိုင်ကျွန်းမြို့ အထက(၁)(ယခင်အစိုးရအထက်တန်းကျောင်း)မှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား (၂၄)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂ရက် စနေနေ့ ညနေ ၄နာရီတွင် အထက ကျောင်းဝင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းအငြိမ်းစားဆရာကြီး ဆရာမကြီးများပူဇော်ကန်တော့ပွဲသို့ အထက(၁) တွင် အနည်းဆုံးလုပ်သက် တစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ပညာရေးဌာနမှ အငြိမ်းစားယူခဲ့ကြသည့် အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများ ကန်တော့ခံ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

အနယ်နယ်အရပ်ရပ်မှ ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် ၂၀၀၉ခုနှစ်တွင် ကျင်းပမည့် အထက(၁)၏ (၇၅)နှစ်မြောက် စိန်ရတုသဘင်၊ (၂၄)ကြိမ်မြောက်နှင့် (၂၅)ကြိမ်မြောက် အငြိမ်းစားဆရာကြီး ဆရာမကြီးများ၏ ပူဇော်ကန်တော့ပွဲတို့အတွက် ပါဝင်လှူဒါန်းလိုပါက ဒေါ်ခင်မမ ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၄၂-၅၀၀၀၃နှင့် ဦးစံသိန်း ဖုန်း-၀၄၂-၅၀၁၅၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၄၂)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၄ သိန်းတန်ဖိုးရှိ Nutrivita အားဆေးနှင့် Wheel Chairတစ်ခုလှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့်ဥက္ကဋ္ဌ ပါရဂူ ဗိုလ်မှူးကြီးမျိုးညွန့်တို့ လက်ခံယူစဉ်။ (က-ပ)

ကျန်းမာရေး အသိပညာပေးဟောပြော တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသ

မြင်းမူ ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်း မြင်းမူမြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ရက် နံနက် ၁၀နာရီက မြင်းမူမြို့နယ် ရုံးကားကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မည်ိုက အမှာစကားပြောကြားပြီး ကျန်းမာရေး ဆရာမကြီး ဒေါ်အမာမြင့်က ရေကောင်းရေသန့် သောက်သုံးရေးနှင့် ရေသန့်ပြုလုပ်နည်းကို ပညာပေး ဟောပြောပြီး လက်တွေ့ပြသသည်။

ထို့နောက် တိုင်းရင်းဆေးခန်းမှူး ဆရာဦးနေအောင်က ကျေးရွာပြည်သူများအား တိုင်းရင်းဈေးဖြင့် အခမဲ့ ဆေးကုသပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

မအူပင်မြို့နယ်တွင် အောင်မြင်စွာစိုက်ပျိုးနိုင်သော ကြက်ဆူပင်များ မြေဩဇာကျွေး မြေတောင်မြှောက်ပြုပြင်

မအူပင် ဇန်နဝါရီ ၂၄

မအူပင်မြို့နယ်တွင် အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့သော ခြစ်စည်းရိုးကြက်ဆူပင်များကို မြေဩဇာကျွေးခြင်း၊ မြေတောင်မြှောက်ပြုပြင်ပေးခြင်း၊ အပင်ကိုင်းဖြတ်တောက်ခြင်းများကို မအူပင်-ကျိုက်လတ်ကားလမ်းဘေးရှိ ကျုံစုတ်ကျေးရွာအုပ်စုတွင် ဇန်နဝါရီ ၁၅ရက်က စတင်ဆောင်ရွက်ကြသည်။

အဆိုပါ ခြစ်စည်းရိုးကြက်ဆူပင် မြေတောင်မြှောက်ပွဲသို့ မအူပင်မြို့နယ် ဥက္ကဋ္ဌဦးဘိုထွန်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာတာဝန်ကျ ဌာနဆိုင်ရာများ၊ ကြံ့ခိုင်ရေးမှူးအဖွဲ့များနှင့် တောင်သူလယ်သမားအင်အား ၃၈၀ တက်ရောက်ကြပြီး ၎င်းကျေးရွာအုပ်စုအတွင်းရှိ ခြစ်စည်းရိုးကြက်ဆူပင်များကို ဓာတ်မြေဩဇာကျွေးခြင်း၊ မြေတောင်မြှောက်ခြင်း၊ အပင်ကိုင်းဖြတ်တောက်ခြင်းများကို စနစ်တကျ စတင်ဆောင်ရွက်ခဲ့ကြသည်။

မအူပင်မြို့နယ်တွင် ၂၀၀၆-၂၀၀၇ခုနှစ်က ခြစ်စည်းရိုးကြက်ဆူဧက၁၅၀ စိုက်ပျိုးရန်လျာထားခဲ့ရာ ဧက၂၃၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် ခြစ်စည်းရိုးကြက်ဆူ ဧက ၃၀၀၀ စိုက်ပျိုးရန်လျာထားရာ ၃၃၂၂ဧက စိုက်ပျိုးနိုင်ခဲ့သည်။

မအူပင်မြို့နယ်၌ အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့သော ခြစ်စည်းရိုးကြက်ဆူပင်များကို ကျေးရွာအုပ်စု အသီးသီးတွင် မြေဩဇာကျွေးခြင်း၊ မြေတောင်မြှောက်ပြုပြင်ခြင်း၊ အပင်ကိုင်းဖြတ်တောက်ခြင်းများကို မြို့နယ်လုံးကျွတ် စနစ်တကျစတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ငပုတောမြို့ မြောက်ပိုင်းရပ်ကွက် ယင်းမာလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၈ရက်က အမှုဆောင်အရာရှိဦးကျော်နိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာဦးခင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်အောင်မြို့ ဘန့်ဘွေးကုန်းကျေးရွာအနောက် အလက(ခွဲ)ဖွင့်

မြန်အောင် ဇန်နဝါရီ ၁၀

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာအနောက် အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက်၉နာရီက အဆိုပါကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် မြန်အောင်မြို့နယ်ပညာရေးမှူး ဦးအုန်းကြိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဝင်းဆွေ၊ ဘန့်ဘွေးကုန်း ကျေးရွာဥက္ကဋ္ဌ ဦးသန်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဧရာဝတီတိုင်း လက်ထောက်တိုင်းပညာရေးမှူး ဦးစိုးမြင့်၊ မြို့နယ်ပညာရေးမှူး ဦးအုန်းကြိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဝင်းဆွေတို့က အမှာစကား ပြောကြားကြောင်း သိရသည်။ **(၁၄၀)**

နွားထိုးကြီးမြို့ သရက်ကန်ကျေးရွာ စက်ရေတွင်းဖွင့်

နွားထိုးကြီး ဇန်နဝါရီ ၂၀

မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် သရက်ကန်ကျေးရွာအုပ်စု သရက်ကန် ကျေးရွာ၌ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်တူးဖော်ခဲ့သည့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက် ၉နာရီက သရက်ကန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်း အတွင်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မြင်းခြံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငွေငွေက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြင်းခြံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငွေငွေနှင့် ဧည့်သည်များက ရေကန်၊ ရေပိုက်ခေါင်းများကို ဖွင့်လှစ်ပေးပြီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေက အမှာစကား ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပြည်ပြေးသစ္စာဖောက် အဆိုးမြင်ဝါဒီများ ပြည်ပမီဒီယာများနှင့်ပူးပေါင်း မြန်မာ့တပ်မတော်၌ ကလေးစစ်သားများရှိနေသည်ဟု မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး တပ်မတော်အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေ

နေပြည်တော် ဇန်နဝါရီ ၂၉

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီ မိနစ် ၅၀တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များဖြစ်ကြသော *စာမျက်နှာ ၈ ကော်လံ ၁* ✻

နိုင်ငံတကာရေးရာနှင့် သံတမန်ကျင့်ဝတ်များကို သင်ကြားပေးနေသည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း

တွေ့ဆုံမေးမြန်းသူ – မောင်မောင်မြင့်ဆွေ ● ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၉

တစ်ကမ္ဘာလုံး ဆက်စပ်ယှဉ်တွဲပြောင်းလဲဖြစ်ပေါ်နေသည့် ဖြစ်စဉ်များတွင် ကမ္ဘာ့နိုင်ငံအားလုံးပါဝင်လျက်ရှိရာ နိုင်ငံတိုင်းနှင့် နိုင်ငံသားတိုင်းသည် သံတမန်ဆက်ဆံရေးကို သိရှိနားလည်သဘောပေါက်ရန် လိုအပ်လာသည်။

အမှာစကားပြောကြား

ကျယ်ပြန့်သော သံတမန်ဆက်ဆံရေးကို လူငယ်တိုင်း သိရှိနားလည်စေရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနကကြီးမှူးပြီး အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို ၂၀၀၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့သည်မှာ သင်တန်းအမှတ်စဉ်(၁၇) အထိ ရောက်ရှိခဲ့ပြီဖြစ်သည်။ အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁၇/၂၀၀၇) သင်တန်းဆင်းပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❐

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏားများ(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား